# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၇ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၇၅)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မန်တုံမြို့ပြည်သူ့ဆေးရုံ စစ်ဆေး

## ဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြား

**နေပြည်တော် ဇူလိုင် ၆**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၄ရက် မွန်းလွဲ ၁နာရီက ကျောက်မဲခရိုင် နမ့်ဆန်မြို့ တပ်မတော်လက်ဖက်ခြောက်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးက လက်ဖက်ခြောက်စက်ရုံအတွင်း စက်လည်ပတ်မှု၊ ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် အပြီးသတ်အချောထည် ထုပ်ပိုးမှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၅*



## မန်တုံမြို့ (၂၅)ခုတင်ဆံ့ပြည်သူ့ဆေးရုံ

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မန်တုံမြို့ရှိ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော ပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် ဇူလိုင် ၆ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၃)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၃၉)ပါတီအနက် ပါတီ (၃၆)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၆-၇-၂၀၁၀

| | | | | |
|---|---|---|---|---|
| မောင်တောမြို့ | ၂ | ဒသမ | ၇၂ | လက်မ |
| ကသာမြို့ | ၂ | ဒသမ | ဝ၅ | လက်မ |
| ခန္တီးမြို့ | ၁ | ဒသမ | ၅၃ | လက်မ |
| လှိုင်ကော်မြို့ | ၁ | ဒသမ | ၃၀ | လက်မ |
| ကိုကိုးကျွန်း | ၁ | ဒသမ | ၁၄ | လက်မ |
| မချမ်းဘော | ၁ | ဒသမ | ၁၁ | လက်မ |

# ကမ္ဘာ့အမြင့်ဆုံး တဲအိမ်ကြီး

**မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား**

ကောင်းမြတ်သူ ➤ ရေးသားသည်

*အက်စ်တာနာ ဇူလိုင် ၆*

*ကမ္ဘာ့အမြင့်ဆုံးတဲအိမ်ကြီးကို အာရှအလယ်ပိုင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကာဇက်စတန်နိုင်ငံ၌ ဇူလိုင် ၆ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အဆိုပါ တဲအိမ်ကြီးကို ဗြိတိသျှဗိသုကာပညာရှင် ဖော်စတာနှင့်အဖွဲ့က တည်ဆောက်ခဲ့ပြီး အမြင့်ပေ ၄၉၀ ရှိသည်။ ၎င်းအဆောက်အအုံမှာ မြို့တော် အက်စ်တာနာတွင် အမြင့်ဆုံး ဖြစ်သည်။*



*ဖွင့်လှစ်*

*၎င်းကမ္ဘာ့အမြင့်ဆုံး တဲအိမ်ကြီးကို မြို့တော် အက်စ်တာနာ တည်ထောင်သည့် (၁၃)နှစ်မြောက်နေ့အဖြစ်သော်လည်းကောင်း၊ သမ္မတ နာဆူလ်တန်နာ ဇာဘာရက်ဗ်၏ အသက်(၇၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ်လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။*

*ထည့်သွင်းတည်ဆောက်*

*အဆိုပါ ကမ္ဘာ့အမြင့်ဆုံး တဲအိမ်ကြီးသည် မိုးလုံလေလုံဥယျာဉ်ကြီးလည်းဖြစ်ပြီး ရာသီဥတုဒဏ်မှ ကာကွယ်ပေးနိုင်သည်။ ၎င်းတဲအိမ်ကြီးကို ခမ်းရှာတီဖျော်ဖြေရေးစင်တာဟူ၍လည်း ခေါ်ကြသည်။ ယင်းတဲအိမ်ကြီးသို့ လာရောက်လည်ပတ်ကြသူများအနေဖြင့် ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ရုပ်ရှင်ရုံများ တွေ့ကြရမည်ဖြစ်သည်။ တဲအိမ်ကြီးအတွင်း ကမ်းခြေအတုနှင့် ကစားကွင်းတစ်ခုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ တဲအိမ်ကြီးကို လေးနှစ်ကြာ တည်ဆောက်ခဲ့ရကြောင်း သိရသည်။*

*အင်တာနက်*

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၇ ရက်)

# သမိုင်းအထောက်အထားများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ဇူလိုင်လ ၄ရက်နေ့က ကျင်းပခဲ့သည်။

ရှေးဟောင်းသုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များအပေါ် လေ့လာသုံးသပ်ဆင်ခြင်ပြီး တိကျခိုင်မာသည့် မြန်မာ့သမိုင်းစဉ်ကို ဖော်ထုတ်ရေးသား မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

လူသားမျိုးနွယ်အစဖြစ်တည်ထွန်းကားလာမှုမှစပြီး သမိုင်းအကြိုခေတ်၊ ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာကာလ၊ ထိုမှတစ်ဆင့် ယနေ့ခေတ်ကာလအထိ မြန်မာ့သမိုင်းကြောင်းကို ခေတ်စဉ်အတိုင်း လေ့လာသုတေသနပြုနိုင်ခြင်းအားဖြင့် မြန်မာလူမျိုးများသည် မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် ပေါက်ဖွားရှင်သန် လှုပ်ရှားလည်ပတ်နေထိုင်ခဲ့ကြသည့် မြန်မာတို့၏ ဇာစ်မြစ်၊ မြန်မာတို့၏ဇာတိနှင့်အတူ မြန်မာ့ယဉ်ကျေးမှုသမိုင်း ခိုင်မာမှုကို ထုတ်ဖော်နိုင်ခဲ့ပေသည်။

"မြန်မာအစ မြန်မာက" ဆိုသည့် မှတ်တမ်းကို နိုင်ငံတကာပရိုင်းမိတ်ပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးပေါင်းကွင်းဆင်း သုတေသနပြုခဲ့ကြရာ ပုံတောင်ကျောက်လွှာတွင် တွေ့ရှိခဲ့သည့် ပုံတောင်ဂျီးယားစ်ပရိုင်းမိတ်များ၏ လိုအပ်နေသေးသည့် ဦးခေါင်းနှင့် အခြားအစိတ်အပိုင်းများကို ပိုမိုပြည့်စုံစေရန် ရှာဖွေလေ့လာ သုတေသနပြုမှုများကိုလည်း နှစ်စဉ်ဆက်လက်ရှာဖွေ သုတေသနပြုလျက်ရှိသည်။

မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုအထောက်အထားများကို လွန်ခဲ့သော ဆယ်စုနှစ်ကာလအတွင်း သုတေသနပြုတွေ့ရှိခဲ့သည့် ပရိုင်းမိတ်ကျောက်ခေတ်လယ်၊ ကြေးခေတ်၊ သံခေတ် သုတေသနပြုတွေ့ရှိချက်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့သမိုင်းစဉ်အတွက် ခိုင်မာသည့် အဖိုးတန်အထောက်အထားများပင် ဖြစ်သည်။

သုတေသနစာတမ်းဖတ်ပွဲ၌ မြန်မာပညာရှင်များသာမက ပြည်ပပညာရှင်များလည်း ပါဝင်ခဲ့ရာ ပညာရှင်များ၊ သုတေသီများ၏ ဆွေးနွေးအကြံပြုမေးမြန်းမှုများ၊ စာတမ်းရှင်များ၏ ပြန်လည်ဖြေကြားမှုများသည် မြန်မာ့သမိုင်းစဉ်အတွက် ခိုင်မာသည့် အဖိုးတန်အထောက်အထားများ ဖော်ထုတ်ပြသနိုင်ခြင်းပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✽ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✽ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** တရားတော် (သဇင်ရေကျော် ဆရာတော် အရှင်ဉာဏောဘာသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၉)
၈:၃၀ Industrial Talk [ဒေါက်တာ အောင်သိန်း၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
၉:၀၀ Activities in the City
- ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ် ခန့်မှန်းခြေရှိသူ လူသားအား မိတ်ဆက်တင်ပြခြင်း
- အကျဉ်းဦးစီးဌာန၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား

၉:၂၀ အုတ်မြစ်အခြေခံ ခိုင်ခံ့စေရန်
၉:၄၀ အားကစားမြင်ကွင်းစုံ
၁၀:၃၀ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၁၀:၅၅ ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်ဖြူနှင့် တွေ့ဆုံခြင်း)
၁၁:၂၀ ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/ AIDS ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
၁၁:၃၀ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
၁၁:၄၅ ဗီဒီယိုပြခန်း
၁၂:၀၅ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်တေးသီချင်းများ ၂၀၁၀ခုနှစ် ဇူလိုင်လ ၃ရက်
၁:၀၀ **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** တရားတော်(သဇင်ရေကျော် ဆရာတော် အရှင်ဉာဏောဘာသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (Selection) (အပိုင်း-၁)
၃:၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၉)
၄:၁၅ အုတ်မြစ်အခြေခံ ခိုင်ခံ့စေရန်
၄:၃၀ Industrial Talk
၅:၀၅ Activities in the City
- ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ် ခန့်မှန်းခြေရှိသူ လူသားအား မိတ်ဆက်တင်ပြခြင်း
- အကျဉ်းဦးစီးဌာန၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား

၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်ဖြူနှင့် တွေ့ဆုံခြင်း)
၆:၄၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (သက်တန့်ပေါ်မှာ ကစားမယ်-သဲနုဝါ)
၇:၀၅ ဗီဒီယိုပြခန်း
၇:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်မိုးခိုင်)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း(Selection) (အပိုင်း-၁)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၉)
၁၀:၀၀ **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ- ကောင်းမြတ်)
၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၀ Sports World
၁၁:၀၀ လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၁၁:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်မိုးခိုင်)
၁၁:၅၀ ကဏ္ဍာစုံလင်အားကစား အစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## လုပ်သားများ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၃ရက် နံနက်ပိုင်းက မန္တလေးမြို့ စက်မှုဇုန် ကနောင်ခန်းမ၌ မန္တလေးမြို့ပေါ်ရှိ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်သားများ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

**မှာကြား**

ဆွေးနွေးပွဲတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန မန္တလေးတိုင်း တာဝန်ခံညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက အလုပ်သမားများ၏ကျွမ်းကျင်မှု စံသတ်မှတ်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်က စက်မှုဇုန်၏ လုပ်ငန်းအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့၌ ဖွင့်လှစ်ထားရှိသော အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းသို့ သွားရောက်၍ ဝန်ထမ်းများ ကွန်ပျူတာ ကျွမ်းကျင်မှု အခြေခံသင်တန်း (၂/၂၀၁၀) ဖွင့်လှစ်ထားရှိမှု အခြေအနေနှင့် အလုပ်သမားများကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းဖွင့်လှစ်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**(သတင်းစဉ်)**



အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် မန္တလေးမြို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



## သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်သော ၂၀၁၀-၂၀၁၁ခုနှစ် ပထမသုံးလပတ် နည်းပညာဆွေးနွေးပွဲကို ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ဇူလိုင်၂ရက် မွန်းတည့် ၁၂နာရီက ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး(ဝဲပုံ) ရာသီဥတုပြောင်းလဲမှုနှင့် မိုးရွာသွန်းမှုအခြေအနေတို့ကို လေ့လာပြီး သင့်လျော်သည့်မျိုးနှင့် စိုက်နည်းစနစ်များ မှန်ကန်စွာရွေးချယ်အသုံးပြုရေး၊ ဒေသအလိုက် သင့်လျော်မည့် သီးနှံပုံစံများချမှတ်ဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် ပိုးမွှားရောဂါများကို ကြိုတင်ကာကွယ်ရေး၊ မျိုးသန့် စံပြရွာများ တည်ဆောက်၍ မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပြီး မျိုးစေ့စီးဆင်းမှုမှန်ကန်ရေးအတွက် စီမံဆောင်ရွက်ရေး စသည်တို့ကို ဆွေးနွေးသည်။ ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မျိုးစေ့ဘဏ်) ဦးမြင့်အောင်က စပါးသီးနှံနှင့်ပတ်သက်၍ သုတေသနဆောင်ရွက်ချက်များ၊ တွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။**(ခရိုင်စိုက်ပျိုးရေး)**

**ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဇွန် ၂၉ရက်က မြို့ပေါ်ရပ်ကွက်အတွင်း ခြင်ဆေးဖျန်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# လုပ်ငန်းအလိုက် သတ်မှတ်ချိန်ပြီးစီးအောင် အားသွန်ခွန်စိုက်ကြိုးပမ်း

## စက်အစိတ်အပိုင်းများ တပ်ဆင်ရာ၌ စနစ်တကျရှိရေး ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

**အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၅ရက် နံနက်ပိုင်းက ပဲခူးတိုင်း ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် (၆)မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး အမှတ်(၄) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။**

### ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား တည်ဆောက်ရေးညွှန်ကြားရေးမှူးက ပင်မတမံ၏ အထက်ပိုင်းနှင့် အောက်ပိုင်းရှိ ကျောက်စီလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တမံအတွင်းရေသိုလှောင်ထားရှိမှုနှင့် ရေလွှဲရေထုတ်ပြွန် Concrete Plug လုပ်ငန်းဆောင်ရွက်နေမှု၊ ပင်မရေပိုလွှဲလုပ်ငန်း၏ Access Bridge တည်ဆောက်ပြီးစီးမှု၊ Gantry Crane Beam လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေခေါ်မြောင်း ဝဲ/ယာ Slope Protection လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ စက်ရုံအတွင်း Unit 1,2,3,4 တို့တွင် ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ စက်မှုလျှပ်စစ်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်အားပေးစက်ရုံ Tailrace channel ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆွစ်ယာဒ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆွစ်ယာဒ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းရှိ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေးနှင့် လုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သုံးစွဲကြရေးနှင့် စက်အစိတ်အပိုင်းများ တပ်ဆင်ရာတွင်လည်း စနစ်တကျနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ပင်မရေပိုလွှဲလုပ်ငန်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ Gantry Crane Beam များ တပ်ဆင်ပြီးစီးမှု၊ ပင်မတမံပေါ်မှ မော်တော်ယာဉ်ဖြင့် ဖြတ်သန်း၍ ပင်မတမံအထက်ပိုင်းနှင့် အောက်ပိုင်းရှိ ကျောက်စီလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တမံဝဲဘက်ကမ်းရှိ EL-215m ရှုရပ်မှနေ၍ တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ဆွစ်ယာဒ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### မှာကြား

ယင်းနောက် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းခွင်၌ စက်ရုံအတွင်း Unit 1,2,3,4 တို့တွင် ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ စက်မှုလျှပ်စစ်တပ်ဆင်ရေးလုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် Decoration Work များ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

#### ရေအားလျှပ်စစ်

**အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





■ *ရှေ့ဖုံးမှ*

### ရင်းရင်းနှီးနှီး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တောင်သူတစ်ဦး၏ လက်ဖက်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံလက်ဖက်တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ဒေသနှင့်ကိုက်ညီသည့် လက်ဖက်ကို စိုက်နည်းစနစ် မှန်ကန်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ နမ့်ဆန်မြို့ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်းကျန်းမာရေးမြှင့်တင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအားမှာကြားကာ နမ့်ဆန်မြို့ဦးစီးရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသတွင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းလုပ်ဆောင်သွားကြရန် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

### ပေးအပ်

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဇူလိုင်၅ရက် နံနက်၇နာရီခွဲတွင် မန်တုံတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် တပ်နယ်မိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး သုတစုံစာစောင်များကို ပေးအပ်သည်။

ယင်းနောက် မန်တုံမြို့ရှိ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံ ပြုပြင်ပြီးစီးမှု၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းများကို ကြည့်ရှုစစ်ဆေး၍ ဆေးဝါးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပိုက်လိုင်းအတွင်းမှ သဘာဝဓာတ်ငွေ့များဖွင့်ထုတ်၍ သန့်ရှင်းမှုရှိ၊ မရှိ

## စွမ်းအင်ဒုတိယဝန်ကြီး ဦးသန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

**စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းရှိ သဘာဝဓာတ်ငွေ့သုံးစက်ရုံ၊ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန် (၂၄)လက်မ ရတနာ-ရန်ကုန် ကမ်းလွန်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာဆက်သွယ်ပြီးစီးပြီဖြစ်၍ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့များကို တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၅ရက်က ရန်ကုန်တိုင်းအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမကမ်းလွန်သဘာဝဓာတ်ငွေ့ဖိအား ထိန်းချုပ်/တိုင်းတာဖြန့်ဖြူးရေးစခန်းသို့ သွားရောက်၍ ရန်ကုန်မြို့တွင်းသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် ဖြန့်ဖြူးလျက်ရှိသော ဓာတ်ငွေ့ပိုက်လိုင်းအတွင်းမှ သဘာဝဓာတ်ငွေ့များကို ဖွင့်ထုတ်၍ သန့်ရှင်းမှု ရှိ၊ မရှိ မျက်မြင်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရန်ကုန်မြို့တွင်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ လှော်ကား၊ သာကေတနှင့် အလုံသဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်းများသို့သွားရောက်၍ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးနေမှု အခြေအနေများနှင့် သဘာဝဓာတ်ငွေ့ သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ရွာမ၊ လှော်ကား၊ သာကေတနှင့် အလုံသဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက်၍ စက်ရုံမှူး၊ ဒုတိယစက်ရုံမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စွမ်းအင်ဝန်ကြီးဌာနက ဖြန့်ဖြူးပေးလျက်ရှိသည့် သဘာဝဓာတ်ငွေ့ဖိအားနှင့် ပမာဏ လုံလောက်စွာ ရရှိမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး၍ စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ပေးရန်ရှိသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၌ သဘာဝဓာတ်ငွေ့ရရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ် (၁၄)ရပ်ကွက် မြဇရာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နီနီအောင် ဆောင်ရွက်နေမှုကို ဇွန် ၂၆ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကွင်းဆင်းကြီးကြပ်ကြစဉ်။** (မြို့နယ်စည်ပင်)

# အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲဆက်ယှဉ်ပြိုင်

*ရန်ကုန် ဇူလိုင် ၆*

*အားကစားဝန်ကြီးဌာန၊ အရှေ့တောင်အာရှ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက် (၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။*

### *အနိုင်ရရှိ*

*ပြိုင်ပွဲ၏ ပထမပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းက မြန်မာအသင်းကို ၁၀၈မှတ်-၃၉မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် မလေးရှားအသင်းက စင်ကာပူအသင်းကို ၆၀- ၅၁မှတ်ဖြင့်လည်းကောင်း၊ တတိယပွဲစဉ်တွင် ထိုင်းအသင်းက လာအိုအသင်းကို ၇၁မှတ်- ၄၄မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။*

### *ယှဉ်ပြိုင်ကစား*

*ပြိုင်ပွဲကို ဇူလိုင် ၇ရက် နံနက် ၉နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ပထမပွဲတွင် စင်ကာပူအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဒုတိယပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ တတိယပွဲတွင် မလေးရှားအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။* ***(သတင်းစဉ်)***

**မြန်မာ့အလင်း ကမ္ဘာ့ဖလားဖောင်ပိတ်သတင်း**

# ရေဘဝဲဟောကိန်းအရ စပိန်နိုင်မည်



**မြူးနစ် ဇူလိုင် ၆**

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ဂျာမနီနှင့် စပိန်တို့ ဇူလိုင် ၈ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ဂျာမနီ ရေဘဝဲဟောကိန်းအရ စပိန်က ဂျာမနီကို အနိုင်ရလိမ့်မည်ဖြစ်ကြောင်း ဟောကိန်းထုတ်ထားသည်။

### ဟောကိန်းထုတ်ပေး

အဆိုပါ ရေဘဝဲဟောကိန်းထုတ်သူများသည် ကမ္ဘာ့ဖလားပွဲစဉ်တိုင်းတွင် ဂျာမနီအသင်းအတွက် ဟောကိန်းထုတ်ပေးခဲ့ရာ ကစားပြီးခဲ့သည့် ကမ္ဘာ့ဖလားငါးပွဲစလုံး မှန်ကန်မှုအပြည့်အဝရှိသည်ဟုဆိုသည်။ ယင်းဟောကိန်းအရ ရေဘဝဲသည် ဂျာမနီအလံကို ကိုင်ရမည့်အစား စပိန်အလံကိုကိုင်ခဲ့သည်ဟု ဆိုသည်။

ပေါလ်အမည်ရှိ အဆိုပါ ရေဘဝဲသည် ယူရို ၂၀၀၈တွင်လည်း ဂျာမနီအသင်း၏ အနိုင်အရှုံးရလဒ် ၇၀ ရာခိုင်နှုန်းကို ဟောကိန်းထုတ်ပေးနိုင်ခဲ့သည်။



**ညွှန်း - အင်တာနက်**

မြင့်မောင်စိုးရေးသည်

# အီရတ်နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်ရေး ဂျော်ဒန်ဘုရင်အဗ္ဗဒူလာ အပြည့်အဝ ထောက်ခံ

အမ္မန် ဇူလိုင် ၆

**ဂျော်ဒန်ဘုရင်အဗ္ဗဒူလာက အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့်တည်ငြိမ်ရေးကြိုးပမ်းမှုများကို ဂျော်ဒန်နိုင်ငံက အပြည့်အဝထောက်ခံကြောင်း ဇူလိုင် ၅ရက်က အလေးထားပြောကြားကြောင်း နိုင်ငံပိုင် ပီထရာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။**

ဂျော်ဒန်ဘုရင်အဗ္ဗဒူလာသည် ဂျော်ဒန်နိုင်ငံသို့ ဇူလိုင် ၃ရက်မှ စတင်ရောက်ရှိကာ အီရတ်နိုင်ငံ ကာဒစ္စတန်ပြည်နယ်ဥက္ကဋ္ဌ မဆွတ်ကာဇာနီနှင့် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။



ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ (အင်တာနက်ဓာတ်ပုံ)

ယင်းသို့တွေ့ဆုံစဉ် အီရတ်နိုင်ငံ၏ လုံခြုံမှုနှင့်တည်ငြိမ်ရေးသည် အရှေ့အလယ်ပိုင်းဒေသ၏ တည်ငြိမ်အေးချမ်းမှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာက မီးမောင်းထိုး ပြောကြားလိုက်ခြင်းဖြစ်သည်။

**အာမခံပြောကြား**

အီရတ်နိုင်ငံ၏ စီးပွားရေး၊ ကူးသန်းရောင်းဝယ်မှုနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင် ဂျော်ဒန်နိုင်ငံက အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားသော နယ်ပယ် ကဏ္ဍအသီးသီး၌လည်း အထောက်အပံ့များ ပေးသွားမည်ဖြစ်ကြောင်း ဘုရင်အဗ္ဗဒူလာက အာမခံပြောကြားလိုက်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



**တရုတ်ယဉ်ကျေးမှုပြပွဲ**

**အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပသည့် တရုတ်ယဉ်ကျေးမှုပြပွဲ၌ သရုပ်ပြဖျော်ဖြေနေသည့် တရုတ်အမျိုးသမီးငယ်များကို ဇူလိုင် ၆ရက်က တွေ့ရစဉ်။**

(ဆင်ဟွာဓာတ်ပုံ)

# အမေရိကန် စစ်သဘော်များ ကော့စတာရီကာသို့ ဝင်ခွင့်ပြု

*ဆန်ဂျိုဆေး ဇူလိုင် ၆*

*ကော့စတာရီကာ အတိုက်အခံပါတီများက ကန့်ကွက်နေသည့်ကြားမှပင် ကော့စတာရီကာအစိုးရက အမေရိကန် စစ်သဘော် ၄၆ စင်းနှင့် မရိန်းတပ်ဖွဲ့ဝင် ၇၀၀၀တို့ကို ကော့စတာရီကာနိုင်ငံအတွင်း ဝင်ခွင့်ပြုလိုက်ကြောင်း အင်တာနက်သတင်းတွင် ဇူလိုင် ၅ရက်က ဖော်ပြထားသည်။*

**ရှုတ်ချ**

*ကော့စတာရီကာ အတိုက်အခံပါတီများက ဤကိစ္စတွင် လွှတ်တော်၏ ဆုံးဖြတ်ချက်သည် တရားမဝင်ကြောင်း၊ ထို့ပြင် အမျိုးသားအချုပ်အခြာအာဏာကို ဖောက်ဖျက်ရာကျကြောင်း ဖော်ပြကာ ရှုတ်ချကြသည်ဟု ပရက်စနာလာတီနာက ဖော်ပြသည်။*

*ဖော်ပြပါဆုံးဖြတ်ချက်အရ အမေရိကန်တပ်ဖွဲ့ဝင်များက ကော့စတာရီကာတွင် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ နေထိုင်ခွင့်ရမည်ဖြစ်ပြီး မူးယစ်ဆေးဝါး ရောင်းဝယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။*

**မျှတမှုမရှိ**

*မည်သို့ပင်ဖြစ်စေကာမူ အမေရိကန်၏ တိုက်ခိုက်ရေးစွမ်းပကားဖြစ်သည့် စစ်သဘော်များ၊ ရဟတ်ယာဉ်များနှင့် မရိန်း ကမ်းတက်တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုကြောင့် ပေါ်ပေါက်လာသည့် အန္တရာယ်နှင့်နှိုင်းယှဉ်ပါက အချိုးအစားမျှတမှု မရှိသေးဟု ကော့စတာရီကာအစိုးရက ပြောကြားသည်။* **(အင်တာနက်)**

# ရုရှားကအီရန်သို့ စစ်လက်နက်ပစ္စည်းများ ရောင်းချမှုရပ်ဆိုင်းသဖြင့် ငွေကြေးများစွာဆုံးရှုံး

မော်စကို ဇူလိုင် ၆

ရုရှားက အက်စ်-၃၀၀ လေကြောင်းကာကွယ်ရေးဒုံးကျည်များ အီရန်သို့ရောင်းချရန် ငြင်းဆန်ခံရပါက လက်နက်များနှင့် လေကြောင်းဆိုင်ရာပစ္စည်းများ ရောင်းရန်အတွက် အီရန်နှင့်ချုပ်ဆိုထားသည့် ငွေကြေးဒေါ်လာဘီလီယံနှင့်ချီ၍ နစ်နာဆုံးရှုံးရတော့မည်ဖြစ်ကြောင်း နီဇာဗီဆီမာရာဂဇက်တာ နေ့စဉ်သတင်းစာတွင် ဇူလိုင် ၅ရက်က ရေးသားဖော်ပြထားသည်။

**ဆုံးရှုံး**

ထို့ကြောင့် အီရန်အနေဖြင့် ယင်းလက်နက်စနစ်များကို တရုတ်ဘက်မှ လှည့်ဝယ်ယူရတော့မည်ဖြစ်ရာ ရုရှားသည် အဓိကငွေကြေးအရင်းအမြစ် ဆုံးရှုံးမည်ဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်အပေါ် အရေးယူပိတ်ဆို့မှုအသစ် ဇူလိုင် ၉ရက်တွင် ချမှတ်ပြီးနောက် ရုရှားကရွှေ့ပြောင်းနိုင်သည့် အက်စ်-၃၀၀ အမ်ယူဒုံးစနစ်အတွဲများ အီရန်သို့ ရောင်းချမည့်အစီအစဉ်ကို ရပ်ဆိုင်းမည်ဟု ကြေညာသည်။ ရုရှားက နည်းပညာအခက်အခဲများကြောင့် ရပ်ဆိုင်းထားရသည်ဟု ပြောကြားသည်။ သို့ရာတွင် အမေရိကန်နှင့် အစ္စရေးတို့၏ ဖိအားပေးမှုကြောင့်ဟု ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**



**အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို ဇူလိုင် ၆ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်ရေး အာရပ်အဖွဲ့ချုပ်တွန်းအားပေး

ကိုင်ရို ဇူလိုင် ၆

အမေရိကန် ကမကထပြုလုပ်သည့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စက်တင်ဘာလတိုင်အောင် အောင်မြင်မှုမရရှိပါက ကုလသမဂ္ဂအနေဖြင့် ပါလက်စတိုင်းနိုင်ငံအဖြစ်ကြေညာရန် အာရပ်အဖွဲ့ချုပ် (အေအယ်လ်)က တွန်းအားပေးမည်ဖြစ်ကြောင်း အီဂျစ်က ပြောကြားသည်။

**တရားဝင်ကြေညာ**

ငြိမ်းချမ်းရေးသဘောတူညီချက် အချိန်မီမရရှိပါလျှင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံအဖြစ် တရားဝင်သတ်မှတ်ကြေညာပေးရန် အေအယ်လ်က တောင်းဆိုမည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂိတ်က ပြောကြားကြောင်း အစ္စရေးဟာရက်ဇ်နေ့စဉ်သတင်းစာက ဇူလိုင် ၅ရက်တွင် ရေးသားဖော်ပြသည်။

**ဆွေးနွေးပွဲပြုလုပ်**

ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းတွင် ပါလက်စတိုင်းနိုင်ငံ တည်ထောင်ရန်ရည်ရွယ်၍ အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်သံတမန် ကြားဝင်စေ့စပ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြုလုပ်နေခြင်းဖြစ်သည်။

**အလားအလာ**

အစ္စရေးက အရှေ့အယ်လ်ကက်ဒေသတွင် လူနေအိမ်ခြေတိုးချဲ့ဆောက်လုပ်ရန်ကြေညာခဲ့ပြီးနောက် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများလည်း ရပ်ဆိုင်းသွားခဲ့ရသည်။ အစ္စရေးက ဂါဇာကမ်းမြောင်သွား သင်္ဘောအုပ်စုကို မေ ၃၁ ရက်က တိုက်ခိုက်ပြီးနောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အလားအလာများ မှေးမှိန်ခဲ့ရသည်။ **(အင်တာနက်)**

# အီရန်၌ ကုန်တင်သင်္ဘောများအား အကြမ်းဖက်စစ်ဆေးလျှင် လက်တုံ့ပြန်မည်ဟုပြောကြား

တီဟီရန် ဇူလိုင် ၆

အီရန်ကုန်တင်သင်္ဘောများ ကြားဖြတ်အစစ်ဆေးခံရပါက ပြန်လှန်တိုက်ခိုက်မည်ဖြစ်ကြောင်း အီရန်ပါလီမန်ဥက္ကဋ္ဌ အလီလာရီဂျာနီက ဇူလိုင် ၅ရက်တွင် ပြောကြားသည်။

**တွေ့ဆုံ**

ကုန်ပစ္စည်းများ သယ်ဆောင်လာသည့် အီရန်သင်္ဘောများအားစစ်ဆေးရန် အကြမ်းဖက်နည်းလမ်းများကို နိုင်ငံအချို့က အသုံးပြုပါက အီရန်ကတုံ့ပြန် တိုက်ခိုက်ရမည်ဟု လာရီဂျာနီက မီဟာသတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

အီရန်အပေါ် အရေးယူပိတ်ဆို့မှုအသစ်များအရ နိုင်ငံတကာရေပြင်တွင် သွားလာလျက်ရှိသည့် အီရန်သင်္ဘောများကို နိုင်ငံအများစုက စစ်ဆေးပိုင်ခွင့်ရှိမည်ဖြစ်သည်။

**ပြောကြား**

မိမိတို့အတွက် လက်တုံ့ပြန်နိုင်သည့် အခွင့်အရေးရှိပြီး မိမိတို့၏ အခွင့်အရေးအတွက် ကာကွယ်နိုင်စွမ်းရှိသည်ဟု အီရန်သမ္မတ အာမက်ဒီနီဂျက်က သတင်းစာရှင်းလင်းပွဲ၌ ဇူလိုင် ၅ရက်တွင် ပြောကြားသည်။ **(အင်တာနက်)**

# ပါကစ္စတန်တို့ လေကြောင်းမှတိုက်ခိုက်မှု စစ်သွေးကြွ ၁၀ဦး သေဆုံး

အစ္စလမ္မာဘတ် ဇူလိုင် ၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ ဇူလိုင် ၅ရက်နံနက်ပိုင်းက ပါကစ္စတန်ဂျက်တိုက်လေယာဉ်ဖြင့် လေကြောင်းမှတိုက်ခိုက်ရာ စစ်သွေးကြွ ၁၀ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

**ပျက်စီး**

ယင်းတိုက်ခိုက်မှုသည် စစ်သွေးကြွများခိုအောင်းရာဒေသများကို ပစ်မှတ်ထားတိုက်ခိုက်ရာမှ ဂျာဘာလူမျိုးစုဒေသရှိ နေအိမ်လေးလုံးပျက်စီးခဲ့သည်ဟု ဒူနီယာရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

**ဖော်ပြ**

ပါကစ္စတန်နိုင်ငံ လူမျိုးစုဒေသများတစ်ဝန်းကို ယခုနှစ်မတ်လကတည်းက စစ်ဆင်ရေးများဆင်နွှဲစဉ်အတွင်း စစ်သွေးကြွ ၁၂၀၀ကျော် သေဆုံးခဲ့ပြီးဖြစ်သည်ဟု ဆင်ဟွာသတင်းတွင်ဖော်ပြထားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



**ဝေလငါး**

ပါကစ္စတန်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်သည့် ကရာချိမြို့၏ ပင်လယ် ကမ်းခြေတစ်နေရာ၌ သောင်တင်နေသည့် ဝေလငါး တစ်ကောင်ကို ဇူလိုင် ၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# တရုတ်၌ ကားမီးလောင် ၂၄ဦးသေဆုံး ၁၉ဦးဒဏ်ရာရ

နန်ကျင်း ဇူလိုင် ၆

တရုတ်နိုင်ငံ အရှေ့ပိုင်းကျန်စုပြည်နယ်တွင်ဇူလိုင် ၄ရက် ညပိုင်းကခရီးသည်တင် ကားတစ်စီးမီးလောင်ခဲ့ရာ ၂၄ဦး သေဆုံးပြီး ၁၉ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲအရာရှိက ပြောကြားသည်။

**ပို့ဆောင်ပေး**

အဆိုပါကားသည် တရုတ်နိုင်ငံ စတီးလ်လုပ်ငန်းကုမ္ပဏီ၏ ကားဖြစ်ပြီး ယူဟွာမြို့ရှိ လိုဏ်ခေါင်းအတွင်းတွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူ ၁၉ဦးအနက် သုံးဦးမှာ မီးလောင်မှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိပြီး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်ဟုဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## ဂါဇာသို့ ထောက်ပံ့ရေးသင်္ဘောများ ဝင်ခွင့်တောင်းဆို

*ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီပေးရေးနှင့် ထောက်ပံ့ရေး သင်္ဘောများ အတားအဆီးမရှိ ဝင်ထွက်ခွင့်ပြုရန် နိုင်ငံတကာမှ ဖိအားပေးသင့်ကြောင်း ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က ဇူလိုင် ၆ရက်၌ ပြောကြားသည်။*

## အီရန်၌ သဘာဝဓာတ်ငွေ့သိုက်အသစ်နှစ်ခုတွေ့ရှိ

*အီရန်နိုင်ငံ ပါရှန်ပင်လယ်ကွေ့နှင့် အရှေ့မြောက်ပိုင်းဒေသ ခိုရာဆန်ရာဇာဗီ ပြည်နယ်အတွင်း သဘာဝဓာတ်ငွေ့သိုက်နှစ်ခု ရှာဖွေတွေ့ရှိကြောင်း သဘာဝဓာတ်ငွေ့ သိုက်တစ်ခုလျှင် ဓာတ်ငွေ့ကုဗမီတာ ဘီလီယံ ၇၀၀ခန့်ထွက်ရှိနိုင်ကြောင်း အီရန်စွမ်းအင် အရာရှိများက ဇူလိုင် ၆ရက်၌ ပြောကြားသည်။*

## ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းမြင့်တက်

*ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းမြင့်တက်လျက်ရှိရာ တရုတ်ဈေးကွက်၌ ဇူလိုင် ၆ရက် ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၁၀ဒသမ၂၆ ဒေါ်လာဖြစ်ခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

## မလေးရှားနှင့် အီရန် ပညာရေးပူးပေါင်းဆောင်ရွက်မည်

*မလေးရှားနှင့် အီရန်နှစ်နိုင်ငံတို့သည် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန်အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဇူလိုင် ၆ရက်က ကွာလာလမ်ပူမြို့ တွင် သဘောတူလက်မှတ်ရေးထိုးလိုက်ကြကြောင်း မလေးရှားအရာရှိများက ပြောကြား သည်။*

## ကမ္ဘောဒီးယားနှင့်လာအို ကေဘယ်လ်ကြိုးဆက်သွယ်မည်

*ကမ္ဘောဒီးယားနှင့် လာအိုနှစ်နိုင်ငံတို့သည် ဆက်သွယ်ရေးကဏ္ဍများ တိုးတက် ဖွံ့ဖြိုးရန်အတွက် ဖိုင်ဘာကေဘယ်လ်ကြိုး ဆက်သွယ်မှုကို စတင်လုပ်ဆောင်နေပြီ ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ဇူလိုင် ၆ရက်၌ ပြောကြားသည်။*

## အီရန်လေကြောင်းအတွက် လေယာဉ်ဆီများလိုအပ်နေ

*အီရန်နိုင်ငံ၏ မြို့ပြလေကြောင်းအတွက် ခရီးသည်တင်လေယာဉ်များ ပျံသန်းနိုင်ရန် လေယာဉ်ဆီများ လိုအပ်လျက်ရှိရာ ဗြိတိန်၊ ဂျာမနီ၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တို့မှ လေယာဉ်ဆီဖြည့်ဆည်းပေးမှုမှာ နှောင့်နှေးလျက်ရှိကြောင်း အီရန် လေကြောင်းအရာရှိများက ဇူလိုင် ၆ရက်၌ ပြောကြားသည်။*

## အင်ဒိုနီးရှား၌ အာရှ-ပစိဖိတ် ပညာရေးဖိုရမ်ကျင်းပမည်

*အင်ဒိုနီးရှားနိုင်ငံတွင် ဒေသတွင်းပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှ-ပစိဖိတ်ပညာရေးဖိုရမ်ကို အိမ်ရှင်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းဖိုရမ် သည် ဇူလိုင် ၆ရက်မှ၇ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။*

## ဂျပန်ကမ်းလွန်၌ လေပြင်းများတိုက်ခတ်ပြီးလှိုင်းကြီး

*ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းကမ်းလွန်တွင် ဇူလိုင် ၆ရက် နံနက်က တစ်နာရီ မိုင် ၆၀နှုန်း လေပြင်းများတိုက်ခတ်ခဲ့ရာ ၁၂ပေခန့်အမြင့်ရှိသည့် ရေလှိုင်းကြီးများဖြစ်ပေါ် ခဲ့ကြောင်း၊ ရေယာဉ်များအား သတိပေးချက် ထုတ်ပြန်ထားကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။*

## ဘင်္ဂလားဒေ့ရှ် နာရာယန်ဂန်ခရိုင်၌ မီးလောင်မှုဖြစ်ပွား

*ဘင်္ဂလားဒေ့ရှ်နိုင်ငံ နာရာယန်ဂန်ခရိုင် မာဒန်ပူရာ ဟာရီပူရာမြို့ရှိ ကုန်လှောင်ရုံများ မီးလောင်မှုဖြစ်ပွားရာ လူ၂၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ သတ္တုကုန်ကြမ်း ကုန်လှောင်ရုံ ၁၀ရုံ မီးလောင်ခံခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဇူလိုင် ၆ရက်၌ ပြောကြား သည်။* (အောက်ပုံ) *(အင်တာနက်)*





# ကျောက်တန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၆

**ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၄ရက် နံနက် ၈နာရီက ကျောက်တန်းမြို့ စံချိန်မီရပ်ကွက်ရှိ ရွှေမှော်ဝန်းခန်းမ၌ ကျင်းပသည်။**

### ပြောကြား

အခမ်းအနားသို့ ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်ဌေး၊ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးနှင့်အဖွဲ့ဝင်များ၊ ကျောက်တန်း မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြပြီး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်ဌေးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

### တက်ရောက်

ဆက်လက်၍ သင်တန်းနည်းပြများက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးပို့ချပြီး နောက် မဲရုံတွင် ဆန္ဒမဲပေးမှုကို လက်တွေ့ သရုပ်ပြ၍ ညနေ ၄နာရီတွင် သင်တန်း ဆင်းပွဲ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌ ဦးစိုးမြင့်က သင်တန်းဆင်း အမှာ စကား ပြောကြားသည်။ သင်တန်းသို့ ကျောက်တန်းမြို့နယ်အတွင်းရှိ ရပ်ကွက် နှင့် ကျေးရွာအုပ်စု(၅၇)အုပ်စုမှ ကော်မရှင် အဖွဲ့ခွဲဝင် ၄၀၀ကျော် တက်ရောက်ကြ သည်။ **(၁၁၅)**



**ရွှေဘိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မစည်ပင်သာယာဈေးကြီး အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်း ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဦးစီး အရာရှိ ဒေါ်မြင့်မြင့်သန်းတို့ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)

# သစ်ပင်စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ ပန်းတောင်းမြို့နယ်၌ကျင်းပ

ပန်းတောင်း ဇူလိုင် ၆

**ကျေးလက်အိမ်ရာတည်ထောင်ခြင်းစီမံချက်အရ သစ်ပင်စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ပဲခူးတိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း တက်ရောက်အမှာစကား ပြောကြားသည်။**

### ရှင်းလင်း

ထို့နောက် ပန်းတောင်းမြို့နယ် သစ်တော ဦးစီးအရာရှိ ဦးဝင်းထွန်းက ကျေးလက် အိမ်ရာ တည်ထောင်ရခြင်းနှင့် သစ်ပင် စိုက်ပျိုးရေးတာဝန်ပေးအပ်ရခြင်းအကြောင်း ကို ရှင်းလင်းပြောကြားသည်။

### လက်ခံ

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့် သိန်းက ကျေးရွာအုပ်စု ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ ဆက်လက်ပေး အပ်ရာ ရပ်ကွက်ဥက္ကဋ္ဌများကိုယ်စား ဒေါင်းမြတ်နားကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသိန်း ဆွေက လက်ခံယူသည်။

### စိုက်ပျိုးမည်

အဆိုပါတာဝန်ပေးအပ်ပွဲတွင် တစ်အိမ် ထောင်ကျွန်းသုံးပင်အတွက် အပင် ၂၁၀၀၀၊ တစ်အိမ်ထောင်သစ်မာအပင် ၂၀အတွက် သစ်မာပင် ၂၀၀၀၀၊ တစ်ရွာတစ်ဧက ၁၀ ရွာအတွက် ယူကလစ်ပင် ၁၂၀၀၀၊ လူတစ်ဦးလျှင် ကျွန်းတစ်ပင်အတွက် ကျွန်း ပင် ၃၀၀၀၀ စုစုပေါင်း အပင် ၈၃၀၀၀ကို ၂၀၁၀ မိုးရာသီ၌ စိုက်ပျိုးမည်ဖြစ်သည်။
**(မြို့နယ် ပြန်/ဆက်)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တိုက်ကြီး၌ကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီး ဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာနနှင့် တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ရက် နံနက်ပိုင်းက တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေး ရေးသင်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်က ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးစောလှိုင်နှင့် ညွှန်ကြားရေးမှူး ဦးသန်း တို့က ကျွန်းပင်နှင့် ရေတမာပင်များကို စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ် က ကျွန်းပျိုးပင် ၁၅၀၊ ယူကလစ်ပျိုးပင် ၁၅၀ စုစုပေါင်းပျိုးပင် ၃၀၀ကို သင်တန်း သားများအား ပေးအပ်ပြီး တပျော်တပါး စိုက်ပျိုးကြသည်။ **(ကြေးတိုင်/ မြေစာရင်း)**

# နိုင်ငံတစ်ဝန်း သစ်တော့စွမ်းဖြင့် စိမ်းလန်းစေရမည်



# စစ်တွေခရိုင် စီမံကိန်းဦးစီးရုံးသစ်တက်ပွဲကျင်းပ

*စစ်တွေ ဇူလိုင် ၆*

*စစ်တွေခရိုင် စီမံကိန်းဦးစီးရုံး ရုံးအဆောက်အအုံသစ်တွင် ရုံးသစ်တက်မင်္ဂလာ အခမ်းအနားကို မေ ၁၃ရက် နံနက်ကကျင်းပရာ အခမ်းအနားသို့ ပြည်နယ်စီမံကိန်းဦးစီးမှူး ဦးစိန်နိုင်၊ စီမံကိန်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်မေကျော့ဦး၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ခရိုင်စီမံကိန်းဦးစီးမှူး ဦးကျော်အေးသိန်း နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။* ***(ခရိုင် ပြန်/ဆက်)***



**ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မဟာကမ္ဘာ့ဇ ပြည်ငြိမ်းအေးစေတီ လမ်း ပလက်ဖောင်းကပ်တုံးပြုလုပ်ခြင်း လုပ်ငန်းကို ဇွန် ၄ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် တိုက်ကြီး မြို့မဈေး မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု ကို ရန်ကုန်တိုင်း စည်ပင်သာယာရေး အဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့် အဖွဲ့ကြည့်ရှုစစ်ဆေး စဉ်။**
(မြို့နယ်စည်ပင်)

# ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်၍ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့် အဖွဲ့ဝင်အဖြစ် ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ရုံး၌ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့် အရာရှိများ ဘဏ္ဍာရေးဆိုင်ရာ အစည်းအဝေးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေး သုံးစွဲမှုစနစ်နှင့် ငွေကြေး ချမှတ်မှုဆိုင်ရာ အစည်းအဝေးများ [High-Level Preparatory (HLP) Meeting for the 63rd Session of WHO/ SEA Regional Committee)] သို့ တက်ရောက်ခဲ့ပြီးနောက် ဇူလိုင် ၃ ရက်က လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

**မိန့်ခွန်းပြောကြား**

အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ဇွန် ၂၈ ရက်က စတင်ကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဆမ်လီပလန်ဘန်ချမ်းက အဖွင့်မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက်အထိ အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရန် တင်မြှောက်ကြသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် အစည်းအဝေး သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး **(အောက်ပုံ)**သည် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေး ပထမနေ့ အစီအစဉ်များကိုကျင်းပရာ ဒုတိယဝန်ကြီးသည် (၆၃)ကြိမ်မြောက် ကျန်းမာရေး လုပ်ငန်းကော်မတီ ( 63 rd Session of WHO/ SEA Regional Committee) အစည်းအဝေးတွင် ဆွေးနွေးတင်ပြမည့် ရောဂါကာကွယ်ရေးဆိုင်ရာနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ မဟာဗျူဟာရေးဆွဲရေး အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ဇွန် ၂၉ ရက်က ကျင်းပရာ အစည်းအဝေးတွင် ကျန်းမာရေးဆိုင်ရာ ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက် ပန်းတိုင်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အစည်းအဝေး၏ တတိယနှင့် စတုတ္ထနေ့ များဖြစ်သည့် ဇွန် ၃၀ရက်နှင့် ဇူလိုင် ၁ရက်တို့တွင် အာဟာရ ပြည့်ဝမှုနှင့် အစားအသောက်များ လုံခြုံစိတ်ချရေး၊ ဝက်သက်ရောဂါနှင့် ပိုလီယိုရောဂါများ ကင်းစင်ပပျောက်ရေး၊ ကူးစက်မှုမရှိသော နာတာရှည်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး စသည်တို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် အဖွဲ့ဝင်တို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဆမ်လီပလန်ဘန်ချမ်းအား ၎င်း၏ရုံးခန်း၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေးနှင့် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇူလိုင်၂ရက်က အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး၌ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဆိုင်ရာ ဘဏ္ဍာရေးသုံးစွဲမှုစနစ်ဆိုင်ရာ အစည်းအဝေးတွင် ငွေကြေးရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များကို အကြံပြု ဆွေးနွေးတင်ပြခဲ့သည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးများသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ ၁၁နိုင်ငံတို့မှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**







# ရထားပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့မီးရထား နေပြည်တော် ဘူတာကြီးဥပစာရှေ့၌ ကျင်းပသည်။**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးအောင်မင်းက ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးပြီးနောက် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် ကုန်းလမ်းပို့ဆောင်ရေး (နေပြည်တော်)ရှိ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ် ကံ့ကော်ပင်များကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)ရှိ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ် ခရေပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**စိုက်ပျိုး**

၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ စကျွန်းပန်းနှင့် စိန်ပန်းပင် အပင် ၂၅၀၊ မြန်မာ့မီးရထား နေပြည်တော် ဘူတာကြီး၌ စိန်တစ်လုံးသရက် အပင် ၁၅၀၀၊ ကုန်းလမ်းပို့ဆောင်ရေး (နေပြည်တော်) ၌ ကွမ်းသီးအုန်း၊ စိန်တစ်လုံး၊ ခရေ၊ ကံ့ကော်အစရှိသည့် အပင်ပေါင်း ၁၅၆၈ ပင်နှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူး ဦးစီးဌာန (နေပြည်တော်)၌ ခရေ၊ သရဖီ၊ ရေတမာ၊ စိန်ပန်းနှင့် ဆီသပြေ အစရှိသည့် အပင်ပေါင်း ၇၀၀ တို့ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဖွင့်လှစ်သော အရာရှိ/ အခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းအမှတ်စဉ် (၁/၂၀၁၀)ဆင်းပွဲကို ဇူလိုင်၂ ရက် မွန်းလွဲ ၁နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးရုံးမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးမြင့်စိန် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲသို့ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား အရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင် ၇၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား

**၇-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇:၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၆။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇:၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၃၅ | ၃။ | အမျိုးသားရေး တေးကဗျာ |
| ၄:၄၀ | ၄။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၄:၅၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၀၅ | ၇။ | ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ |
| ၅:၁၅ | ၈။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၅:၂၅ | ၉။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅:၃၅ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ | လှျပ်တစ်ပြက် |
| ၆:၃၅ | ၁၄။ | Mail Box |
| ၆:၄၅ | ၁၅။ | ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၂၇) |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၂၈) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | ရယ်ရွှင်စရာဟာသပဒေသာ **မဖြစ်နိုင်ပါဘူးသားရယ်** (အပိုင်း-၁) သူရလင်း၊ မိုးခန့်၊ ဇော်၊ အုန်းသီး၊ ဇေဒါ၊ စိုပြေ၊ ရီရီပွင့်ဖြူ၊ အကယ်ဒမီခင်မိုမိုအေး၊ ပွင့်၊ အိမ့်ကြာဖြူ၊ နှင်းပွင့်ဇကရီ ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ) |
| | ၂၂။ | အိုင်စီတီသုတ |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | Champion League of Boxing လက်ဝှေ့ပြိုင်ပွဲ ANDREWARD Vs ALLAN GREEN |

**၈-၇-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၁:၀၀ | ၁။ | **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) ဂျာမနီ နှင့် စပိန် (အကြိုဗိုလ်လုပွဲ)** |

# နိုင်ငံတစ်ဝန်း ဇွန်လအတွင်း မီးလောင်မှု အကြိမ်(၄၀)ဖြစ်ပွားခဲ့

**ရန်ကုန် ဇူလိုင် ၆**

ဇွန်လအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု အကြိမ် (၄၀) ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ပေါ့ဆမီး (၃၂)ကြိမ်၊ အလိုအလျောက်မီး တစ်ကြိမ်၊ လျှပ်စစ်မီး ခုနစ်ကြိမ် ပါဝင်သည်။

မီးလောင်မှုများကြောင့် အိမ်ခြေ အဆောက်အအုံ ၄၈လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၃၅၃ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ နှစ်ဦး သေဆုံးခဲ့သည်။

မီးဖိုမီးအပါအဝင် ပေါ့ဆမီး (၃၂)ကြိမ် ပါဝင်သဖြင့် မီးကို မဆင်မခြင် ပေါ့ဆစွာသုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၀ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရသည်။

**စိစစ်တွေ့ရှိ**

မီးလောင်မှုအကြိမ်များကို ပြည်နယ်နှင့်တိုင်းအလိုက် ဆန်းစစ်ကြည့်ရာ ရန်ကုန်တိုင်း၌ အကြိမ်အများဆုံး၊ မန္တလေးတိုင်း၌ ဒုတိယအကြိမ်အများဆုံး၊ စစ်ကိုင်းတိုင်း၌ တတိယအကြိမ်အများဆုံးဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်မှုများ၏ ဆုံးရှုံးမှုတန်ဖိုးများကို ပြည်နယ်နှင့်တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် စစ်ကိုင်းတိုင်း၌ ဆုံးရှုံးမှုအများဆုံး၊ ရန်ကုန်တိုင်း၌ ဒုတိယဆုံးရှုံးမှုအများဆုံးနှင့် မန္တလေးတိုင်း၌ တတိယဆုံးရှုံးမှု အများဆုံး ဆုံးရှုံးခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရသည်။

မီးလောင်မှုအကြိမ်(၄၀) ဖြစ်ပွားခဲ့သည့်အနက် ကျေးရွာမီးလောင်မှု (၁၂)ကြိမ် ဖြစ်ပွားခဲ့သဖြင့် ကျေးရွာမီးလောင်မှု ဖြစ်ပွားရခြင်း အခြေအနေသည် နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သည့် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၃၀ရာခိုင်နှုန်းခန့် ပါဝင်ခဲ့သည်။

**အလေးထားဆောင်ရွက်**

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများ လိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေအကြံပြု တိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ၊ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။ ကျေးရွာများတွင်လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ပေါ့ဆမှုနှင့် လျှပ်စစ်ဝိုင်ယာမှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေးစီမံချက်အတိုင်း လုပ်ငန်းများကို မီးသတ်ဦးစီးဌာနအနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၆**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၂၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ရန်ကုန်လေဆိပ်အဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိက လွှဲပြောင်းရယူ၊ မြန်မာ-တရုတ်ပူးပေါင်း၍ ချည်နှင့်ပလတ်စတစ် ရောစပ်သည့်အိတ်များ ထုတ်လုပ်မည့် အကြီးစားစက်ရုံ တည်ဆောက်မည်၊ မလေးရှားတွင် ကျွမ်းကျင်လုပ်သားရှားပါးမှုကြောင့် မြန်မာလုပ်သားများကို ပြန်လည်ခေါ်ယူနေ၊ တရုတ်ရုပ်ရှင်ပွဲတော်၌ မြန်မာရုပ်ရှင်ကား ၁၆ကား ပါဝင်ပြသမည်၊ အနီရောင်ပိတောက်ပန်းမျိုးများ စိုက်ပျိုးရေးဈေးကွက်ဝင်လာ၊ အင်္ဂလန်နိုင်ငံသားလေးဦးကို ကယ်တင်ခဲ့သည့် မြန်မာကပ္ပတိန်နှင့်အဖွဲ့အား စပိန်က ဂုဏ်ပြုချီးမြှင့်၊ MCC Training Institute ကို ကျောင်းသား ၃၀၀၀သင်ကြားနိုင်သည်အထိ တိုးချဲ့ဖွင့်လှစ်မည်၊ ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာလုပ်သား ၄၀၀ခန့် အမြန်လိုအပ်၊ စင်ကာပူကျောင်းများ၌ နိုင်ငံခြားကျောင်းသားများကို လေးပုံတစ်ပုံသာ လက်ခံတော့မည်၊ မွေးမြူရေးကဏ္ဍ ပြန်လည်အဆင့်မြှင့်တင်ရန် အီတလီကူညီမည်၊ ပုဂ္ဂလိကစက်သုံးဆီ ဆိုင်များအတွက် အထူးအာမခံစီစဉ်ပေးမည်၊ ကလေးမွေးဖွားပြီး မိခင်သွေးထွက်လွန်၍ သေဆုံးခဲ့မှုအပေါ် လက်သည်နှင့် ဆေးဆရာကို သက်ဆိုင်ရာသို့တိုင်ကြား၊ ရေနံတင်ကားကြီး တိမ်းမှောက်ပေါက်ကွဲ၍ လူပေါင်း ၂၂၀ကျော် သေဆုံး၊ ကမ္ဘာကျော် ကွမ်ရင်မယ်တော် ရုပ်တုကြီးသို့ ခရီးတစ်ခေါက်၊ မိုးပျံကားများကို အမှန်တကယ်သုံးနိုင်တော့မည်၊ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် အကောင်းဆုံး တိုက်စစ်အတွဲများ၊ ရုရှားလုပ်ငန်းရှင်က ဒေါ်လာ ၂၁၀၀၀တန် ကမ္ဘာ့ဈေးအကြီးဆုံး ဗူဗူဇီလာကို မှာယူ၊ အမေရိကန်က ရုရှားသူလျှို ၁၀ဦးအားဖမ်းဆီး၊ အသက်ဆက်လက်ရှင်သန်ရန် ၁၅မိနစ်တစ်ကြိမ် အစားစားနေရသည့် အမျိုးသမီး၊ တရုတ်၌ တောမီးကြီးကို မီးသတ်သမားပေါင်း ၂၀၀၀၀ ကျော် ငြိမ်းသတ်နေရ၊ လူမျက်နှာနှင့်တူသည့် ငါးက ဒေါ်လာ ၆၀၀၀၀ တန်ဖိုးရှိ၊ အမျိုးသားသုံး ပဋိသန္ဓေတားဆေးသစ် တီထွင်ထုတ်လုပ်၊ မလေးရှားမင်းသမီးက ကားဖြင့်တိုက်မိ၍ မြန်မာနိုင်ငံသားတစ်ဦးသေဆုံး၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အကြီးဆုံးရေအိုင်ကြီးမှာ မူလထက် ဆယ်ပုံတစ်ပုံသာကျန်ရှိ၊ မျက်မမြင်များ မောင်းနှင်နိုင်မည့် ကားတီထွင်နိုင်တော့မည်၊ ကမ္ဘာ့ဖလားဘောလုံးပွဲ ရွှေဖိနပ်ဆု ဘယ်သူရမလဲ၊ ဦးနှောက်များကိုအေးခဲထားကာ သေသူကို အသက်ပြန်သွင်းနိုင်မည်ဟုဆို၊ တောနက်ထဲ၌ ပေ ၁၀၀ရှည်သည့် ရေငုပ်သင်္ဘောကြီးတွေ့ရှိ····စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား တိုင်းမှူး ပိုလ်ချုပ်ရာပြည့် တက်ရောက်

**နေပြည်တော် ဇူလိုင် ၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးက ဖတ်ကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီးနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မူးယစ်ဆေးဝါးပပျောက်ရေး လှုပ်ရှားမှုပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ ဆက်လက်တက်ရောက်ကာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(သတင်းစဉ်)**



## ဘဏ္ဍာ/အခွန် ဝန်ကြီး ဦးလှထွန်း ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဇူလိုင်၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဘောဂဗလလမ်းရှိ မြန်မာ့ စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲသို့ ရောက်ရှိစစ်ဆေးပြီး ကျောက်ပန်းတောင်းမြို့နယ် အားကစားခန်းမ၌ ကျင်းပသော ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုဝင်များ အပါအဝင် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတက်ရောက်၍ အမှာစကား ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ**

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်က နှစ်ဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းက သုံးဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်သန်းဝင်းက လေးဘာသာနှင့် ငါးဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ ဝန်ကြီးဦးလှထွန်း **(အပေါ်ပုံ)**က ခြောက်ဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဝန်ကြီးက ထူးချွန်အောင်သင်ကြားပြသခဲ့သည့် ဆရာ ဆရာမများ ကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်အကြူနှင့် ကျောင်းအုပ်ဆရာမကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**



## မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်မြို့တွင် တစ်နှစ်လျှင် ကားအစီးရေ ၃၀၀၀၀ထုတ်လုပ်နိုင်သည့် စက်ရုံ တည်ဆောက်ပြီးစီး၊ နည်းပညာမြင့်မော်တော်ကားများ မြန်မာနိုင်ငံတွင် ပထမဆုံး ထုတ်လုပ်ရောင်းချပါဝင်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၅)ကို ဖြန့်ချိလိုက်သည်။

စစ်မှန်တဲ့ အရပ်သားအစိုးရဖြစ်စေချင်တယ်ဆိုတဲ့ ဒီမိုကရက်တစ်(မြန်မာ) ပါတီ အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုနှင့်တွေ့ဆုံခြင်း၊ ပါတီတံဆိပ်အဖြစ် ခမောက်ပုံကို အသုံးပြုရန် အမျိုးသားဒီမိုကရေစီအင်အားစုပါတီက လျှောက်ထားတင်ပြ၊ ရခိုင်ပြည်နယ်၌ စတုတ္ထမြောက်ဆင်ဖြူတော်ရှာဖွေတွေ့ရှိ၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖားကန့်တွင်ရေကြီးခဲ့၊ လုံးချင်းသုံးထပ်တိုက်ဆောက်မည်ဆိုလျှင်၊ ရွှေဈေးနှုန်းကျဆင်းရန် ဆောင်ရွက်ဖို့လို၊ လတ်တလောဖြစ်ပေါ်နေသော ပဲဈေးကွက်၊ မလေးရှားနိုင်ငံတွင် မြန်မာ အချင်းချင်း ပြန်ပေးဆွဲသောဂိုဏ်းကို ဖမ်းဆီးရမိ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၅၀၀ ပြသရောင်းချမည်၊ ကြည့်မြင်တိုင်မြို့နယ် လဟာပြင်ညဈေး မီးဘေးအန္တရာယ်ကင်းရှင်းရေးပြင်ဆင်ဆောင်ရွက်၊ ပန်းထိမ်ပန်းများပြည်ပသို့ တင်ပို့မည်၊ ကိုယ်ကျင့်တရား ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲ UMFCCI တွင် ကျင်းပပြုလုပ်ခဲ့၊ Chariot ကားပြပွဲအောင်မြင် သုံးရက်အတွင်း ကားအစီးရေ ၁၅၀ကျော် ရောင်းချခဲ့၊ ငွေမျက်နှာကိုလည်းကြည့်ပါ လူနာမျက်နှာကိုလည်းကြည့်ပါ ကိုရွှေဆေးခန်းတို့ရယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် မန်လည်ကျေးရွာအနီးတွင် ကျိုက်ထီးရိုးစေတီ ပုံစံတူစေတီတော်တစ်ဆူတွေ့ရှိ၊ အမေရိကန်နိုင်ငံတွင်ကျင်းပမည့် နိုင်ငံတကာမော်ဒယ်ပြိုင်ပွဲသို့ မြန်မာအမျိုးသမီးသုံးဦး ဝင်ရောက်ယှဉ်ပြိုင်မည်၊ ခေတ်နဲ့အညီဝတ်စားဆင်ယင်မှုပြောင်းလဲလာရတာပါလို့ အကြောင်းပြနေမယ်ဆိုရင်၊ အမျိုးသမီးများကို ဓာတ်ပုံခိုးရိုက်လိုသည့်စိတ်ဝေဒနာတစ်မျိုး စင်ကာပူနိုင်ငံသားများ၌ စွဲကပ်နေပြီလော၊ အမေရိကန်ရုရှားဟမ်တာဂါဒီပလိုမေစီအပြီး ရုရှားသူလျှို ၁၀ဦး အမေရိကန်တွင်ဖမ်းဆီးရမိမှုက ရုရှား၏နောက်ကျောဓားနှင့်ထိုးသည့် မဟာဗျူဟာလား၊ ဆိုက်ပရပ်စ်မှ ရုရှားသူလျှိုဘယ်လိုလွတ်မြောက်သွားသလဲ၊ ရုရှားသူလျှိုအယောက် ၃၀၀ ဗြိတိန်နိုင်ငံတွင်ခြေရှုပ်နေ၊ ရုရှားသူလျှိုမယ်က ခန္ဓာကိုယ်ကိုအသုံးချပြီး အမေရိကန်မှ ထောက်လှမ်းရေးသတင်းဘယ်လိုရရှိခဲ့သလဲစသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ **(သတင်းစဉ်)**



**လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နမ္မတူလမ်းဆုံ ယာဉ်ထိန်းရုံးအနီး မြေခင်းအလှပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇူလိုင် ၃ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## ချောင်းသာဇုန်ဟိုတယ်လုပ်ငန်း ဝန်ဆောင်မှုအခြေခံသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

ဒေသတိုးတက်ဖွံ့ဖြိုးရေးနှင့် ချောင်းသာဇုန်ဟိုတယ်ဝန်ထမ်းများမှ ကမ္ဘာ့အဆင့်မီ ဟိုတယ်ဝန်ထမ်းကောင်းများ ထွက်ပေါ်လာနိုင်ရေးအတွက် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်)၏ တတိယအကြိမ် Crash Basic Hotel Services Course 2010 သင်တန်းဖွင့်ပွဲကို ဇွန်၂၀ရက်က ချောင်းသာကမ်းခြေ Lai Lai ဟိုတယ်၌ ကျင်းပသည်။

သင်တန်းသို့ ရန်ကုန်မြို့ ကန်တော်ကြီး Palace ဟိုတယ် သင်တန်းကျောင်းအုပ်ကြီး ဦးဝင်းကြည်နှင့် သင်တန်းဆရာ ဆရာမတို့က ဟိုတယ်များ နောက်ခံသမိုင်းနှင့် ဖွဲ့စည်းမှုဘာသာရပ်၊ ဧည့်ကြိုဘာသာရပ်၊ ကွန်ပျူတာဘာသာရပ်၊ အစားအစာနှင့် အဖျော်ယမကာ ဘာသာရပ် စသည်တို့ကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသည်။

သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၃ရက် နံနက်က Hotel Max ၌ ကျင်းပရာ သင်တန်းသား ၄၆ဦးအတွက် သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းကျောင်းအုပ်ကြီး ဦးဝင်းကြည်ကလည်းကောင်း၊ ထူးချွန်သင်တန်း သားခြောက်ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် တာဝန်ရှိသူများကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ) **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

**ရန်ကုန် ဇူလိုင် ၆**

### ချင်းတွင်းအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

*ချင်းတွင်းအသင်း(ရန်ကုန်) အသင်းသား အသင်းသူများ၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၃၁ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ်(၄)ဝိုင်း ရွှေသလ္လာပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း- ၅၆၀၅၄၂နှင့် ၀၉-၅၁-၉၄၉၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။*

### စစ်ကွင်းအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြား

***စစ်ကွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ကျောင်းဝင်းရှိ ရွှေကျင်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။***

### စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

*စာပေဗိမာန်စာအုပ်အသင်းက အသင်းဝင်များထံသို့ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)ရေးသားသည့် သိကောင်းစရာ e-commerce စာအုပ်ကို အသင်း၏ (၆၁)အုပ်မြောက် စာအုပ်အဖြစ် ဖြန့်ချိထားပြီး စာအုပ်အသင်းဝင်လိုသူများ ဖုန်း- ၀၁-၂၄၉၀၃၁သို့ ဆက်သွယ်နိုင်သည်။*

### မိသားစုလက်စွဲ အဘိဓာန်စာအုပ် ဖြန့်ချိ

***အခြေခံဝေါဟာရစကားလုံး ၈၅၀ကို အသုံးပြု၍ အင်္ဂလိပ်စာ အရေး၊ အပြော အတုယူနိုင်ရန်နှင့် ဘာသာပြန်အလုပ် စိတ်ဝင်စားသူများ လေ့လာနိုင်ရန်အတွက် စုစည်းပြုစုထားသော မောင်မောင်အေး (The New Light of Myanmar) ၏ မိသားစုလက်စွဲအဘိဓာန်စာအုပ်ကို ဖြန့်ချိထားသည်။***

### မြန်မာဂေါက်သီးရိုက်အသင်း နှစ်ပတ်လည်အစည်းအဝေး

*မြန်မာဂေါက်သီးရိုက်အသင်း ၉မိုင် ပြည်လမ်း ရန်ကုန်မြို့၏ ၂၀၀၉-၂၀၁၀ နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင်၁၇ရက် (စနေနေ့) နံနက်၉နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ရန် ဖိတ်ကြားထားသည်။*

### ညောင်စာရေးတိုက်နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲ

***ရွှေတောင်မြို့နယ် ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ စုပေါင်းလှူဒါန်းပွဲနှင့် အသင်းဝင် သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း- ၅၀၈၄၄၃နှင့် ၆၆၅၈၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။***

### ဂေါက်မာစတာမဂ္ဂဇင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

*ဂေါက်မာစတာမဂ္ဂဇင်း စာဖတ်ပရိသတ်များအတွက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၁ရက် (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ရာ မဂ္ဂဇင်းကို လပေး၊ နှစ်စဉ်ကြေး ပေးသွင်းဝယ်ယူသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဖုန်း- ၀၁-၆၅၁၃၇၄ နှင့် ၀၂-၆၄၅၈၃တို့သို့ ဆက်သွယ်စာရင်းသွင်း ယှဉ်ပြိုင်နိုင်သည်။*

### ကျောက်ဆည်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

***ကျောက်ဆည်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင်၁၇ရက်(စနေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ အသင်းမွှာရုံ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။***

### ကုန်သည်/စက်မှုအသင်းချုပ် သင်တန်းများဖွင့်မည်

*ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ လုပ်ငန်းခွင် လက်တွေ့အသုံးပြုရန် စာရင်းကိုင်ပညာနှင့် အင်္ဂလိပ်စာ သင်တန်းများကို ဇူလိုင် ၁၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက ဖုန်း-၂၁၄၃၄၄နှင့် ၂၁၇၄၈၀တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်သည်။ ။*

**(မြန်မာ့အလင်း)**

**စုစည်းရေးသားသူ-ဝင်းကျော်**



**သာကေတမြို့နယ်ကြက်ခြေနီအသင်း၏ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ရှေးဦးပြုစုပေး အစီအစဉ်အရ သာကေတမြို့နယ် စက်မှုဇုန်တွင် ဇွန်၁၄ရက်မှ ဇူလိုင် ၂ရက်အထိ လုပ်ငန်းခွင် ရှေးဦးပြုစုခြင်းသင်တန်းများဖွင့်လှစ်ခဲ့ရာ ရဲအုပ်ကိုကိုကြီးက သင်တန်းဆင်းတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။** (မြို့နယ်ကြက်ခြေနီ)

# နယ်စပ်/စည်ပင်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၆

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းညွန့်သည် ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည့် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။**

**စိုက်ပျိုးပေး**

ရှေးဦးစွာ ဝန်ကြီး ဦးသိန်းညွန့်က ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စည်ပင်သာယာရေးဦးစီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏သရက်ပင် စိုက်ကွက်တို့၌ စိန်တစ်လုံး သရက်ပင် တစ်ပင်စီကို စိုက်ပျိုးပေးသည်။ **(ယာပုံ)**

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သတ်မှတ်နေရာများတွင် စိန်တစ်လုံးသရက်ပင်များကို အသီးသီးစိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ဝန်ကြီး ဦးသိန်းညွန့်သည် ဦးစီးဌာနများ၏ သရက်ပင်စိုက်ကွက်များအတွင်း ဝန်ထမ်းများ၏ စိန်တစ်လုံးသရက်ပင် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ မိုးရေလှောင်တမံအား ရေပိုမိုသိုလှောင်နိုင်ရေးအတွက် တမံအမြင့်နှင့် ရေပိုလွှဲအမြင့် မြှင့်တင်ဆောက်လုပ်နေမှုကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သရက်ပင်စိုက်ပျိုးနေမှု၊ စိုက်ပျိုးပြီး ပျိုးပင်များကို ပေါင်းသင်၊ မြေဆွ၊ မြေသြဇာကျွေးနေမှုနှင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယနေ့ကျင်းပသည့် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ စိန်တစ်လုံးသရက် ၇၃၃ပင်နှင့် နှစ်ရှည်စားပင်၊ သီးပင်၊ အရိပ်ရ လေကာပင် ၅၃၀ စုစုပေါင်း ၁၂၆၃ ပင်တို့ကို စိုက်ပျိုးကြပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စိန်တစ်လုံး သရက်ပင် ၅၀၀၀၊ ပိန္နဲပင် ၄၅၀၊ အုန်းပင် ၃၀၀၊ မရန်းပင် ၁၀၀ အပါအဝင် နှစ်ရှည်သီးပင်၊ စားပင် ၇၉၅၀၊ အရိပ်ရ လေကာပင်နှင့် ပန်းအလှပင် ၅၅၅၀တို့ကိုစိုက်ပျိုးထားရှိကာ နှစ်ရှည် စားပင်၊ သီးပင်များကို ဆက်လက် တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဝန်ကြီးဦးသိန်းအောင် လှိုင်ကော်မြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက်အားပေး

## သစ်ဆိပ်အတွင်း သစ်လုံးများစနစ်တကျထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်လိုက်ပါလျက် ဇူလိုင်၅ရက် နံနက်ပိုင်းက လှိုင်ကော်မြို့နယ် လင်ဖုံလေးကျေးရွာအနီး၌ကျင်းပသည့် ကယားပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။**



**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တို့ ကယားပြည်နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။**

(သစ်တောဦးစီး)

**ပေးအပ်**

ရှေးဦးစွာ ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဒင်က သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျွန်းနှင့် သစ်မာပျိုးပင်၁၂၀၀ကို ဒေသခံပြည်သူများထံ ပေးအပ်သည်။

**စိုက်ပျိုး**

ထို့နောက် ဝန်ကြီးက ခရေပင်နှင့် ပြည်နယ်ဥက္ကဋ္ဌက ကျွန်းပင်တို့ကို စိုက်ပျိုးပေးကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဝန်ကြီးနှင့် ပြည်နယ် ဥက္ကဋ္ဌတို့သည် မွန်းလွဲပိုင်းတွင် လှိုင်ကော်သစ်ဆိပ်သို့ ရောက်ရှိကြပြီး သစ်ဆိပ်ရှင်းလင်းဆောင်၌ ကယားပြည်နယ် သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာက လာမည့် ၂၀၁၀-၂၀၁၁ သစ်ထုတ်ရာသီအတွက် သစ်ထုတ်ရန် ပြင်ဆင်ထားရှိမှု၊ သစ်တိုက်လမ်းများ ဖောက်လုပ်ရန် စီမံထားရှိမှုနှင့် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသို့ သစ်လုံးများအပ်နှံပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး သစ်ဆိပ်အတွင်း သစ်လုံးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သုတရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်

## တွံတေးမြို့နယ် မယ်ပြေကျေးရွာ၌ဖွင့်

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် မယ်ပြေကျေးရွာတွင် သုတရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ရက် နံနက် ၁၁နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံကျွမ်းကျင်(၃)ဦးဇော်မိုးလွင်၊ ကျေးရွာမူလတန်းလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်မေရီနှင့် ကျေးရွာရပ်မိရပ်ဖ ဦးစောသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**(အောက်ပုံ)**

**ရှင်းလင်းပြောကြား**

အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး မြသောင်း (ငြိမ်း) က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၁၅၀၊ မြို့မိမြို့ဖ ဒေါက်တာအုန်းကြွယ်က စာအုပ်စာစောင် ၂၄၀၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ခြောက်လစာအတွက် သတင်းစာ အစောင်၁၈၀၊ ရပ်မိရပ်ဖ ဦးစောသိန်းက စာကြည့်တိုက်အတွက် ရေဒီယို တစ်လုံး ပေးအပ်လှူဒါန်းသည်။

စာကြည့်တိုက်မှာ ကွန်ကရစ်ခင်း အုတ်နှင့် သံဆန်ခါ၊ သွပ်မိုး အလျား ပေ ၂၀၊ အနံ ၁၄ပေ ကျယ်ဝန်းကာ တန်ဖိုးငွေကျပ် ၂၅သိန်း အကုန်အကျခံ ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သီးနှံရောနှောသစ်တောစိုက်ခင်း

## လားရှိုးခရိုင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**လားရှိုး ဇူလိုင် ၆**

လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတိုးဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နယ် နမ့်ကျန်၊ မန်အိုင်နှင့် ဟူးမွန်ကျေးရွာများ၌ ဆောင်ရွက်ထားရှိသော သီးနှံရောနှောသစ်တောစိုက်ခင်းနှင့် သဘာဝသစ်တော တန်ဖိုးမြှင့်စိုက်ခင်းတည်ထောင်မှုများကို ဇူလိုင်၄ရက် နံနက်၈နာရီက သွားရောက် ကြည့်ရှုအားပေးသည်။

**ရှင်းလင်းပြသ**

နမ့်ကျန်နှင့် မန်အိုင်ဒေသရှိ ရေဝေ ရေလဲဒေသများတွင် သစ်တောပြန်လည် ပျိုးထောင်ရေးနှင့် ယာသီးနှံများ ထည့်သွင်းစိုက်ပျိုးသည့် သီးနှံရောနှောစိုက်ခင်းများ ဧက၁၀၀ခန့် ဆောင်ရွက်ထားရှိပြီးဒေသခံ တောင်သူများနှင့် သစ်တောဝန်ထမ်းများပူးပေါင်းဆောင်ရွက်နေမှုများကို မြို့နယ်သစ်တောဦးစီးအရာရှိ ဦးလှဦးက ရှင်းလင်းပြသသည်။

လားရှိုးမြို့နယ်တွင် ဧက၂၀၀ကို ဆောင်ရွက်ထားရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)တစ်ခုလုံးတွင် တန်ဖိုးမြှင့်စိုက်ခင်းအဖြစ် ဧကပေါင်း၆၀၀ကို မြှင့်တင် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**



# ပလင်ငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဇူလိုင် ၆**

__ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော် (လယ်ဝေး)တွင် ဝ၁သမ ၂၀လက်မ၊ မောင်တောမြို့တွင် ၂၁သမ ၇၂လက်မ၊ ကသာမြို့တွင် ၂၁သမ ၀၅လက်မ၊ ခန္တီးမြို့တွင် ၁၁သမ ၅၃လက်မ၊ လှိုင်ကော်မြို့တွင် ၁၁သမ ၃၀လက်မ၊ ကိုကိုးကျွန်းတွင် ၁၁သမ ၁၄လက်မ၊ မချမ်းဘောမြို့၊ တောင်ကြီးမြို့နှင့် ဟားခါးမြို့တို့တွင် ၁၁သမ ၁၁လက်မစီတို့ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

__ဇူလိုင် ၇ရက် ညနေအထိခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ

# ဆုရသူများစာရင်း ကြေညာ

နေပြည်တော် ဇူလိုင် ၆

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာ ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်-**

## ပိုစတာပြိုင်ပွဲ

ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများမှာ အဆင့်(၁) အသက် (၆-၈)နှစ်အတန်းတွင် ပထမဆု မောင်ကောင်းဆက်လွင် တတိယတန်း အထက(၁) မြောက်ဒဂုံ ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်ကောင်းဇော်ဟိန်း တတိယတန်း ရန်ကင်းပညာရေးကောလိပ် အလယ်တန်းကျောင်း ရန်ကင်း ရန်ကုန်တိုင်း၊ တတိယဆု မသက်ထားဆွေ တတိယတန်း အထက(၁) မြိတ် တနင်္သာရီတိုင်းတို့ရရှိကြပြီး အထူးဆု-၁ မနန်းလောင်ဝိုး စတုတ္ထတန်း အထက(၅)ကျိုင်းတုံ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အထူးဆု-၂ မောင်အောင်ဘုန်းခန့် ဒုတိယတန်း အမက(၃၀)လှိုင် ရန်ကုန်တိုင်း၊ အထူးဆု-၃ မောင်ဒေါမိနစ် ဒုတိယတန်း အလက(၁) လွိုင်ကော် ကယားပြည်နယ်၊ အထူးဆု-၄ မသက်ထားဆွေဇင် စတုတ္ထတန်း အမက(၁၈)တာမွေ ရန်ကုန်တိုင်း၊ အထူးဆု-၅ မဟန်နီစိုး စတုတ္ထတန်း အမက(၆) ကျောက်တံတား ရန်ကုန်တိုင်းတို့ ရရှိကြသည်။

အဆင့် (၂) အသက် (၉-၁၂)နှစ် အတန်းတွင် ပထမဆု မောင်သီဟသွေး ဆဋ္ဌမတန်း အထက(၆) ဗိုလ်တထောင် ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်ဉာဏ်လင်းထက်နိုင် သတ္တမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်း၊ တတိယဆု မပိုးဇော်ဦး ဆဋ္ဌမတန်း အထက(၁)မြိတ် တနင်္သာရီတိုင်းတို့ရရှိကြပြီး အထူးဆု-၁ မတွယ်တာလမင်းအောင် သတ္တမတန်း အထက(၂) ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု-၂ မသဲဝေစု စတုတ္ထတန်းမူလွန် ကန်ဖျား မြိတ် တနင်္သာရီတိုင်း၊ အထူးဆု-၃ မလှယမင်းအိမ် အဋ္ဌမတန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု-၄ မောင်ကျော်စိုးဟန် သတ္တမတန်း အထက(၃) ပဲခူးတိုင်း၊ အထူးဆု-၅ မောင်သူရပိုင်စိုး အဋ္ဌမတန်း အထက(၆) ပုသိမ် ဧရာဝတီတိုင်းတို့ ရရှိကြသည်။

အဆင့် (၃) အသက် (၁၃-၁၅) နှစ်အတန်းတွင် ပထမဆု မခိုင်မေသူ အဋ္ဌမတန်း ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း ရန်ကုန်တိုင်း၊ ဒုတိယဆု မနေဇင်နှင်းထက် အဋ္ဌမတန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်း၊ တတိယဆု မောင်ကောင်းထက်ကျော် တက္ကသိုလ်ဝင်တန်း အထက (၅) တာမွေ ရန်ကုန်တိုင်းတို့ရရှိကြပြီး အထူးဆု-၁ မယဉ်လက်သက်ဝေ အဋ္ဌမတန်း အထက(၁) ကျောက်တံတား ရန်ကုန်တိုင်း၊ အထူးဆု-၂ မရဲရင့် အဋ္ဌမတန်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကုန်တိုင်း၊ အထူးဆု-၃ မောင်အောင်ဟိန်း အဋ္ဌမတန်း အထက(၁) တောင်ကြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထူးဆု-၄ မနှင်းကလျာကျော်မြင့် အဋ္ဌမတန်း အထက(၅) နေပြည်တော်၊ အထူးဆု-၅ မောင်စိုင်းသီဟအောင် အဋ္ဌမတန်း အထက(၁) သဃ်န်းကျွန်း ရန်ကုန်တိုင်းတို့ ရရှိကြသည်။

အဆင့်(၄) အသက်(၁၆-၁၈)နှစ်တန်းတွင် ပထမဆု မောင်ကျော်စင်သန့် AGTI ပထမနှစ်(ဗိသုကာ) နည်းပညာတက္ကသိုလ် တောင်ကြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဒုတိယဆု မဆုရတနာထွန်း တက္ကသိုလ်ဝင်တန်း အထက(၁) ကျောက်တံတား ရန်ကုန်တိုင်း၊ တတိယဆု မနေခြည်ကျော် ဒုတိယနှစ် ကွန်ပျူတာတက္ကသိုလ် မြိတ် တနင်္သာရီတိုင်းတို့ရရှိကြပြီး အထူးဆု-၁ မရွှေရည်ဝင်းထွန်း တက္ကသိုလ်ဝင်တန်း အထက(၂)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု-၂ မသီရိနန္ဒာရွှေဝါဘုန်း တက္ကသိုလ်ဝင်တန်း အထက(၁၇) အောင်မြေသာစံ မန္တလေးတိုင်း၊ အထူးဆု-၃ မောင်အောင်ဝင်းလှိုင် တက္ကသိုလ်ဝင်တန်း အထက(၁၀) မော်လမြိုင် မွန်ပြည်နယ်၊ အထူးဆု-၄ မောင်ပြည့်စုံချမ်းသာ တက္ကသိုလ်ဝင်တန်း အထက(၇) မော်လမြိုင် မွန်ပြည်နယ်၊ အထူးဆု-၅ မောင်စည်သူဖြိုး ပထမနှစ်ပညာရေးကောလိပ် မော်လမြိုင် မွန်ပြည်နယ်တို့ ရရှိကြသည်။

အလွတ်တန်းတွင် ပထမဆု မောင်ဝင်းမြတ်သူ တောင်ဥက္ကလာပ ရန်ကုန်တိုင်း၊ ဒုတိယဆု မသဇင်စိုးမြင့် တာမွေ ရန်ကုန်တိုင်း၊ တတိယဆု ဒုဗိုလ်ဇင်ကိုကို အမှတ်(၃) ဆောက်လုပ်ရေးအင်ဂျင်နီယာ တပ်ရင်း နေပြည်တော်တို့ရရှိကြပြီး အထူးဆု-၁ မအေးအိစိုးစံ လမ်းမတော် ရန်ကုန်တိုင်း၊ အထူးဆု-၂ဦးကျော်ဆင့် တောင်ဥက္ကလာပ ရန်ကုန်တိုင်း၊ အထူးဆု-၃ ဒီဇိုင်းကိုသက် စမ်းချောင်း ရန်ကုန်တိုင်း၊ အထူးဆု-၄ ဒေါ်ခင်မျိုးမြင့်ရွှေ အောင်မြေသာစံ မန္တလေးတိုင်း၊ အထူးဆု-၅ မနှင်းလဲ့ဖြူ ကြည့်မြင်တိုင် ရန်ကုန်တိုင်းတို့ရရှိကြသည်။

## စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးပြိုင်ပွဲဆုရရှိသူများမှာ တက္ကသိုလ်၊ ကောလိပ်အဆင့်တွင် ပထမဆု မဆုမွန်ဦး တတိယနှစ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် နေပြည်တော်ပျဉ်းမနား၊ ဒုတိယဆု မစန္ဒာအောင် ဒုတိယနှစ် သူနာပြုတက္ကသိုလ်သင်တန်းကျောင်း ကျိုင်းတုံ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တတိယဆု မောင်ခန့်ကျော်ခိုင် ပထမနှစ် နည်းပညာတက္ကသိုလ် လွိုင်ကော် ကယားပြည်နယ်တို့ ရရှိကြပြီး အထူးဆု-၁ မလဲ့စန္ဒာမွန် DTEC-A ပညာရေးကောလိပ် မော်လမြိုင် မွန်ပြည်နယ်၊ အထူးဆု-၂ မဝင့်ဝါဖြိုး BE.EC-26 နည်းပညာတက္ကသိုလ် မုံရွာ စစ်ကိုင်းတိုင်း၊ အထူးဆု-၃ မစပယ်ဖြူထွန်း မဟာဝိဇ္ဇာဒုတိယနှစ် လားရှိုးတက္ကသိုလ် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ အထူးဆု-၄ မအိခိုင်ဇင်ကျော် ပထမနှစ်ပညာရေး ကောလိပ် ပြည်မြို့ ပဲခူး(အနောက်)၊ အထူးဆု-၅ မနန်းပွင့်ရွှေရည်ဖူး ဂုဏ်ထူးတန်း (Civil) ကွန်ပျူတာသိပ္ပံ နည်းပညာ တက္ကသိုလ် ဘားအံ ကရင်ပြည်နယ်တို့ ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆု မကေဇင်နိုင် အဋ္ဌမတန်း အထက(၁) မုံရွာ စစ်ကိုင်းတိုင်း၊ ဒုတိယဆု မခင်ခင်ဝင်း နဝမတန်း အထက(၂) စစ်တွေ ရခိုင်ပြည်နယ်၊ တတိယဆု မအိချယ်ငြိမ်း အဋ္ဌမတန်း အထက(၃) မြိတ် တနင်္သာရီတိုင်းတို့ ရရှိကြပြီး အထူးဆု-၁ မခင်ချမ်းမြေ့ နဝမတန်း အထက(၄) တောင်ကြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထူးဆု-၂ မစန္ဒီမိုးမို့ နဝမတန်း အထက(၂) စမ်းချောင်း ရန်ကုန်တိုင်း၊ အထူးဆု-၃ မချစ်ဝတ်မှုံ တက္ကသိုလ်ဝင်တန်း အထက(၂)ကျိုင်းတုံ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ အထူးဆု-၄ မမင်ဇူအောင် အဋ္ဌမတန်း အထက(၁၆) ချမ်းအေးသာစံ မန္တလေးတိုင်း၊ အထူးဆု-၅ မလင်းချယ်ရီစန်း နဝမတန်း အထက(၆) ပုသိမ် ဧရာဝတီတိုင်းတို့ ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆု မအောင်ယသော်ထက် သတ္တမတန်း အမက(၅)မူလွန် မကွေးတိုင်း၊ ဒုတိယဆု မောင်သူရတင် သတ္တမတန်း အထက(၂) လမ်းမတော် ရန်ကုန်တိုင်း၊ တတိယဆု မသင်းရတနာအောင် သတ္တမတန်း အလက(၃) မြစ်ကြီးနား ကချင်ပြည်နယ်တို့ရရှိကြပြီး အထူးဆု-၁ မထက်ဝတီအောင် ဆဋ္ဌမတန်း အလက(၁)မြိတ် တနင်္သာရီတိုင်း၊ အထူးဆု-၂ မယွန်းမျိုးအိမ် ဆဋ္ဌမတန်း အလက(၆)ပုသိမ် ဧရာဝတီတိုင်း၊ အထူးဆု-၃ မသန့်သဉ္ဇာညီ ဆဋ္ဌမတန်း အထက(၁) မုံရွာ စစ်ကိုင်းတိုင်း၊ အထူးဆု-၄ မောင်ခွန်ဇာနည်ထွန်း သတ္တမတန်း အထက(၄) ကျိုင်းတုံ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အထူးဆု-၅ မောင်စည်သူလွင် သတ္တမတန်း အလက(၄) ဘားအံ ကရင်ပြည်နယ်တို့ရရှိကြသည်။

## ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု လှိုင်သန်းတင့် (ရွှေပန်းချီ) မန္တလေးတိုင်း၊ ဒုတိယဆု မင်းဇာနည်ဇော်(အမရပူရ) ရန်ကုန်တိုင်း၊ တတိယဆု အောင်ကျော်ထွန်း (ပုသိမ်ကြီး) မန္တလေးတိုင်း၊ အထူးဆု-၁ လှိုင်သန်းတင့်(ရွှေပန်းချီ) မန္တလေးတိုင်း၊ အထူးဆု-၂ မင်းဇာနည်ဇော် (အမရပူရ) ရန်ကုန်တိုင်း၊ အထူးဆု-၃ ယမင်းဝင်းလှိုင် ရန်ကုန်တိုင်း၊ အထူးဆု-၄ အောင်ကျော်ထွန်း (ပုသိမ်ကြီး) မန္တလေးတိုင်း၊ အထူးဆု-၅ ဦးမြင့်သိန်း(ရူပ) ရန်ကုန်တိုင်းတို့ ဖြစ်ကြသည်။

## ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု ဒေါ်ခိုင်ခိုင်စိုး ရန်ကုန်တိုင်း၊ ဒုတိယဆု ဒေါ်ထားရှင် တနင်္သာရီတိုင်း၊ တတိယဆု ဒေါ်ယဉ်ယဉ်ကြိုင် ရန်ကုန်တိုင်းတို့ ရရှိကြပြီး အထူးဆု-၁ ဒေါ်သင်းသင်းဦး ရန်ကုန်တိုင်း၊ အထူးဆု-၂ ဗိုလ်ချမ်းငြိမ်းသူ ရန်ကုန်တိုင်း၊ အထူးဆု-၃ မောင်မင်းစိုးသူရ ရန်ကုန်တိုင်း၊ အထူးဆု-၄ ဒေါ်မြင့်မြင့်သန်း ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အထူးဆု-၅ ဒေါက်တာဆန်းဝင်း မန္တလေးတိုင်းတို့ရရှိကြသည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဇူလိုင် ၁၁ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၄၈) နေပြည်တော်၌ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနား၌ ဆုများချီးမြှင့်သွားမည်ဖြစ်ရာ ဇူလိုင် ၉ရက်နောက်ဆုံးထား၍ လူကိုယ်တိုင် ပတ်စ်ပို့ဓာတ်ပုံသုံးပုံနှင့်အတူ လာရောက် သတင်းပေးပို့ကြရမည်ဖြစ်သည်။ တိုက်ရိုက်လာကြမည့်သူများသည် နေပြည်တော် မြို့တော်စည်ပင်သာယာရေးတည်းခိုဆောင်သို့ ဇူလိုင် ၉ရက်တွင် လာရောက်သတင်းပို့ရမည်ဖြစ်သည်။ အခမ်းလေ့ကျင့်ခြင်းကို ဇူလိုင် ၁၀ရက်တွင် ကျင်းပမည်ဖြစ်သည်။ သိရှိလိုသည်များရှိပါက ဖုန်း-၀၆၇-၄၃၁၀၆၉၊ ၀၆၇-၄၃၁၃၃၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ အထူးဆုရရှိသူများသည် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်၊ တိုင်းများရှိ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများတွင်လည်းကောင်း၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံ ပြိုင်ပွဲ၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ အထူးဆုရရှိသူများသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းတွင် ဆုများကို လက်ခံရယူရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ဇူလိုင်လထုတ် သုတပဒေသာစာစောင်အတွဲ (၃၇)၊ အမှတ် (၇)ကို ဘာသာပြန်စာပေစိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ၊ မြတ်ငြိမ်း၊ မောင်ပေါ်ထွန်း၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ မောင်မြင့်ကြွယ်၊ ဒေါက်တာခင်မောင်ညွန့်၊ ဆောင်းဝင်းလတ်၊ အောင်ချိန်ဘွား၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ အငြိမ်းစားပါမောက္ခတစ်ဦး၊ မင်းကြော့ရှိန်၊ ကေကေ (မဟာဝိဇ္ဇာ)၊ ဒေါက်တာမြင့်မြင့်သိန်း၊ ခင်စောတင့်၊ မောင်ဝင်းသူ(ဝါးခယ်မ)၊ စိုးသီဟနောင်၊ ကံမြင့်(ရေဒါ)၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ မောင်မောင်မြင့်သိန်း(စက်မှု တက္ကသိုလ်)၊ မြတ်မင်း၊ စိန်ဝင်းနွယ်၊ တက္ကသိုလ်မိုးမြင့်၊ လှတိုး(စိတ်ပညာ)၊ မောင်တင်ဦး (ရက္ခ)၊ ခင်မောင်ကြီး(ကြေး/မြေ)၊ မှူးခင်(ရွှေပြည်သာ)၊ စိုးယုဆွေ၊ မောင်လှိုင်းသစ်၊ ကျော်ရှင်း၊ ထွန်းဝင်းဦး(ဆေး-၂)၊ ဒေါက်တာလွှမ်းမိုးဟန်၊ မြဟန်သိန်း(လုပ်သားကောလိပ်)၊ ကျော်စိန်ညွန့်၊ စိန်ဝင်းမော်၊ လေးဝတီကျော်၊ မြဆန်းကို (ကြေး/မြေ)၊ ပန်ဦးကို၊ ခင်မျိုးသွေး၊ သက်၊ တက္ကသိုလ်မောင်တံခွန်၊ ထက်မြက်(စမ်းချောင်း)တို့၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုများပါဝင်သည်။

## အကြောင်းအရာမျိုးစုံ

အဆိုပါသုတပဒေသာစာစောင်တွင် ဝါဂျီမားယွန်းထည်၊ ကာဗွန်ထုတ်လုပ်မှုကို ရပ်တန့်ရန်ကြိုးစားလျက်ရှိသော တရုတ်၊ အပ်စိုက်နည်းပညာဖြင့် ဗိုက်ခေါက်ကို ဖယ်ရှားနိုင်သလား၊ ကမ္ဘာ့အပူချိန်ကို တွက်ချက်ခြင်း၊ ၂၀၁၀ ကမ္ဘာ့ကုန်စည်ပြပွဲကြီး၊ မာတီ၏ သုတေသနလုပ်ငန်းများ၊ သွားချင်ကြသလား နိုင်ငံခြား၊ ယောက်ျား-မိန်းမဘဝပြောင်းခြင်း၊ ဝေါဟာရကြွယ်ပါစ၊ စကားထာများ၊ အင်္ဂလိပ်စကားပုံ၊ အိမ်တွင်း စွမ်းအင်ချွေတာရေးနည်းလမ်းများ၊ စည်းမျဉ်းအသစ်နဲ့ ၂၀၁၀၊ ရေညှိရေမှော်မှ စွမ်းအင်ရနိုင်ဖို့ အိုင်တီနယ်ပယ်မှ လူမှုရေးကွန်ရက်၊ ဒါတွေသင်သိပါစ၊ စိတ်ကို အဖြေရှာသော ပညာရှင်ကြီးတစ်ဦး၊ အောင်မြင်မှုအတွက် ရိုးစင်းသော မဟာဗျူဟာ၊ အမျိုးသားစာအုပ်ပွဲတော်၊ ရောင်းကောင်းသော မဂ္ဂဇင်းတစ်စောင်၊ တရုတ်နက္ခတ္တဗေဒပညာ စသည်တို့အပြင် လစဉ်ပါနေကျ ဟာသ၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း အစရှိသော ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ်သုတ၊ ရသ အကြောင်းအရာမျိုးစုံပါရှိသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့အလင်း နောက်ဆုံးရဖောင်ပိတ်သတင်း

# သက်တမ်းလွန်သကြားလုံး စားမိသဖြင့် ပါကစ္စတန်နိုင်ငံ၌ လူ ၅၀ခန့် အစာအဆိပ်သင့်ခဲ့

သတင်းမှတ်စု - ဝင့်မာသွင်

*အစ္စလမ္မာဘတ် ဇူလိုင် ၆*

*ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် တောင်ပိုင်း ရာဂျန်ပါမြို့၌ ဇူလိုင် ၅ရက် ညပိုင်းက ကျင်းပသော လက်ထပ်ပွဲတစ်ခုတွင် လူ ၅၀ခန့် အစာအဆိပ်သင့်၍ သတိလစ်မေ့မြောခဲ့ရကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။*



### *စိုးရိမ်ရ*

*သတိလစ်မေ့မြောခဲ့သော လူနာများသည် သက်တမ်းကုန်ဆုံးသောသကြားလုံးများကို စားမိခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့အား တီရှီခရိုင်ဆေးရုံသို့ တင်ပို့ထားပြီး အချို့လူနာများသည် စိုးရိမ်ရသော အခြေအနေတွင်ရှိသည်ဟု ဆိုသည်။*

### *ဝယ်ယူခဲ့*

*သက်တမ်းလွန်နေသော သကြားလုံးများကို ရာဂျန်ပါမြို့အတွင်းရှိ အရောင်းဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ လူနာများ၏ သတင်းအတိအကျမရသေးသော်လည်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးအရာရှိ၏ အစောပိုင်းထုတ်လွှင့်ချက်များတွင် အစာအဆိပ်သင့်နေသော လူ ၅၀ခန့် သေဆုံးသွားသည်ဟု သတင်းထုတ်ပြန်ထားသည်။*

*ကိုးကား-အင်တာနက်*

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ် အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်း သတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအားစစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

# ဂျာမနီသိမ်းငှက်တို့ အမြင့်ဆုံးပျံသန်းနိုင်ပါ့မလား

## ဗိုလ်လုပွဲတက်နိုင်ဖို့ အားကုန်ထုတ်ရတော့မည့် စပိန်

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇူလိုင် ၆

၂၀၁၀ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲများ ယှဉ်ပြိုင်ကစားနေပြီဖြစ်သည်။ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ဂျာမနီနှင့် စပိန်အသင်းတို့ ဇူလိုင် ၈ရက် နံနက် ၁နာရီ၌ ပြတ်သားသောရလဒ်တစ်ခုအတွက် ရင်ပွင့်မတတ် အကြိတ်အနယ်နွှဲကြရတော့မည်ဖြစ်ပေသည်။

### ဖြတ်သန်းမှု

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မတိုင်မီကပင် ဗိုလ်စွဲမည်ဟု ရေပန်းစားနေသော စပိန်အသင်းကား အုပ်စု(ဇ)တွင် ချီလီ၊ ဆွစ်ဇာလန်၊ ဟွန်ဒူးရပ်စ်တို့နှင့် တစ်အုပ်စုတည်းကျခဲ့သည်။ အဖွင့်ပွဲစဉ်၌ ဆွစ်ဇာလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သဖြင့် စပိန်တို့ခြေစွမ်းက အံ့အားသင့်စရာ ဖြစ်ခဲ့ရသည်။ သို့သော် စပိန်တို့က ဟွန်ဒူးရပ်စ်ကို နှစ်ဂိုးပြတ် အနိုင်ရခဲ့သကဲ့သို့ ချီလီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သဖြင့် စပိန်ခြေစွမ်းက သတိထားစရာ ဖြစ်ခဲ့သည်။ စပိန်တို့ အုပ်စု(ဇ)၌ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိခဲ့ပြီး ရှုံးထွက်အဆင့်တက်ရောက်ခဲ့သည်။ ရှုံးထွက်အဆင့်၌ ပေါ်တူဂီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်၌ ပါရာဂွေးကို တစ်ဂိုး-ဂိုးမရှိဖြင့် ဆက်တိုက်အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ခြင်း ဖြစ်သည်။

### တားဆီးနိုင်

စပိန်အသင်း၏ ကစားအားနှင့် တိုက်စစ်အပိုင်းကိုကြည့်လျှင် ကစားသမားများစုစည်းကျစ်လျစ်မှုအပိုင်း၌ အားကောင်းမှုရှိနေသည်။ တစ်ဦးချင်း ကျွမ်းကျင်မှုအပိုင်းတွင်လည်း အားသာမှုရှိသည်။ သို့သော် စုဖွဲ့တိုက်စစ်ဆင်မှု၊ ထိုးဖောက်ဂိုးသွင်းမှုအပိုင်းတွင် ထက်မြက်မှုအားနည်းနေသည်။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းအပျက်များနေသည်။ တိုက်စစ်ပိုင်း၌ ဒေးဗစ်ဗီလာ၏ ပွဲတိုင်းနီးပါး ဂိုးသွင်းနိုင်မှုကြောင့် ခြေပျက်နေသော တောရက်စ်စွမ်းဆောင်မှုကွက်လပ်ကို အားဖြည့်နိုင်နေသည်။ကွင်းလယ်ကစားအားကို ကြည့်လျှင် ဖာဘရီဂတ်စ်၊ အလွန်ဆို၊ ဇာဗီနှင့် အင်နီယေစတာတို့က ကွင်းလယ်မှ ဟန့်တားနိုင်မှုနှင့် ကစားကွက်ထိန်းချုပ်နိုင်မှုတွင် အားထားရသူများ ဖြစ်သည်။ ဂျာမနီနှင့် ရင်ဆိုင်ရာတွင် ကွင်းလယ် ကစားအားကောင်းရန် စပိန်နည်းပြ ဘော့စကေး နည်းဗျူဟာ ပြောင်းလဲရမည်ဖြစ်သည်။ တောရက်စ် ပါဝင်ရန် မသေချာသဖြင့် ဖာဘရီဂတ်စ်နှင့် အစားထိုးရန်စီစဉ်နေရာ ကွင်းလယ် တိုက်စစ်အားသန်သောကြောင့် စပိန်တိုက်စစ်အားနည်းနိုင်မှုကို ဖြည့်ဆည်းပေးနိုင်မည့် အနေအထားရှိနေသည်။ သို့သော် ဖာဘရီဂတ်စ် ပခုံးဒဏ်ရာ ပြန်လည်နာကျင်နေသည်။ စပိန်အသင်းဆရာဝန်များက ပြဿနာမရှိနိုင်ပါ။ ပါဝင်ကစားနိုင်သည်ဟု ခွင့်ပြုသဖြင့် ဖာဘရီဂတ်စ် ကစားမည်ဖြစ်သည်။ စပိန်ခံစစ်တွင် ပူယိုး၊ မာချေနာ၊ ပီကေးတို့ အုပ်စုကလည်း ကြံ့ခိုင်မှုပြည့်နေရာ ဂျာမနီ တိုက်စစ်မှူးများကို စွမ်းအားပြည့်တားဆီးနိုင်မည့် အနေအထားရှိသည်။



ဂျာမနီအတွက် ကလိုဆေး ဘယ်လိုစွမ်းဆောင်ပြဦးမှာလဲ။



ဒေးဗစ်ဗီလာ စပိန်အတွက် ဂိုးသွင်းပေးဦးမှာလား။

### တိကျသပ်ရပ်မှုရှိ

၂၀၁၀ ကမ္ဘာ့ဖလားပွဲ မတိုင်မီက ဂျာမနီ ရေပန်းစားခြင်းမရှိခဲ့ချေ။ သို့သော် အုပ်စုပွဲများကို ကစားခဲ့ရာတွင် ဩစတြေးလျကို လေးဂိုးပြတ် နိုင်ခဲ့သော်လည်း ဆားဗီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သည်။ ဂါနာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သဖြင့် အုပ်စု(ဃ)တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ရရှိကာ အုပ်စု ပထမရပြီး ရှုံးထွက်အဆင့်သို့တက်ရောက်ခဲ့သည်။ အုပ်စုပွဲများကို ကစားခဲ့ရာတွင် ဂျာမနီတို့ခြေစွမ်းက အတက်အကျရှိခဲ့သည်။ ကစားသမားများ အမှားအယွင်းလုပ်မှုရှိခဲ့သည်။ သို့သော် အနိုင်ရလိုစိတ်ပြင်းထန်မှု၊ စုစည်းမှုနှင့် နားလည်မှုအပိုင်းတို့တွင် အားသာချက်မြင့်မားသည်။ ကစားအားကောင်းပြီး တိုက်စစ်ကို အုပ်စုဖွဲ့ထိုးဖောက်ဂိုးသွင်းမှု၌ ဂျာမနီတို့ကလျင်မြန်အားပါပြီး တိကျသပ်ရပ်မှုရှိသည်။

ရှုံးထွက်အဆင့်၌ ဂျာမနီအသင်းတို့က အင်္ဂလန်ကို လေးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ယူခဲ့သည့် ခြေစွမ်းက တန်းဝင်ကြောင်းပြသနိုင်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်တွင် နာမည်ကြီး အာဂျင်တီးနားကို လေးဂိုးပြတ်ဖြင့် ခြေစွမ်းပြအနိုင်ယူခဲ့ရာ ဂျာမနီတို့ အသင်းတိုင်းကို အနိုင်ယူနိုင်စွမ်းရှိကြောင်း ပြသခဲ့သည်။ ဂျာမနီ တိုက်စစ်တွင် ကလိုဆေး၊ ပိုဒေါ်စကီးတို့က ပါဝါပြည့် အားသွန်နိုင်ကြသည်။ အိုဇယ်လ်နှင့် ရှဝိန်းစတိုက်ဂါတို့က ကွင်းလယ်မှထိန်းချုပ်ကာ အပေါ်အောက်ဖြန့်ကြက်ကစားနိုင်ကြရာ ဂျာမနီတိုက်စစ်က အားပါပြီး ထိရောက်မှုရှိခဲ့သည်။

သို့သော်ဂျာမနီအသင်းတွင် ကွင်းလယ်ကစားသမားခီဒီရာမှာ အာဂျင်တီးနားနှင့်ပွဲ၌ ဒဏ်ရာရခဲ့၍ အကြိုဗိုလ်လုပွဲ၌ ပါဝင်ရန်မသေချာချေ။ နောက်ခံလူ ဖရက်ဒရစ်မှာလည်း ခြေထောက်ဒဏ်ရာရရှိထားမှုကြောင့် လေ့ကျင့်ကွင်း မဆင်းနိုင်ဖြစ်နေသည်။ ထို့အတူ ခြေစွမ်းပြနေသော မူလာလည်း ပွဲပယ်ခံထားရသဖြင့် ယခုပွဲ၌ မပါဝင်နိုင်။ နောက်ခံလူ ကာကောကလည်း ဝမ်းဗိုက်ကြွက်သားနာကျင်မှုဝေဒနာခံစားနေရသဖြင့် ကြံ့ခိုင်မှုမပြည့် ဖြစ်နေသည်။ သို့သော် ဂျာမနီတွင် စွမ်းရည်ပြည့် ကစားသမားများ အစားထိုးရန်အသင့်ရှိနေ၍ ကစားအား ယိမ်းယိုင်မှုရှိမည်မဟုတ်ချေ။

### ထိပ်တိုက်တွေ့ဆုံမှု

စပိန်နှင့် ဂျာမနီတို့ ဆုံတွေ့ခဲ့ဖူးသည့် မှတ်တမ်းတွင် ယူရို ၂၀၀၈၌ စပိန်တို့ ဂျာမနီကို အနိုင်ရရှိခဲ့သည်။ ထို့အတူ ၁၉၈၄ ခုနှစ် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ၌ စပိန်တို့က ဂျာမနီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ် အမေရိကန် ကမ္ဘာ့ဖလားပွဲ၌ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ဂျာမနီနှင့် စပိန်တို့ စုစုပေါင်းအကြိမ် ၂၀ ဆုံတွေ့ခဲ့ရာတွင် ဂျာမနီက ရှစ်ပွဲနိုင်ပြီး စပိန်က ခြောက်ပွဲနိုင်ခဲ့ကာ သရေပွဲခြောက်ပွဲဖြစ်ခဲ့သည်။ အနိုင်ရရှိမှုက ကွာခြားမှုသိပ်မရှိခဲ့။

ယခုအကြိုဗိုလ်လုပွဲ၌ ဂျာမနီနှင့်စပိန်တို့ အနိုင်ရမှုအခွင့်အရေးက ဆတူဖြစ်နေသည်။ ကြိုးစားအားထုတ်မှုနှင့် ကစားသမားများက အားမျှနေသည်။ စိတ်ဓာတ်ပိုင်းခိုင်ကျည်မှုနှင့် အပေးအယူမျှတ ပါးနပ်မှုအပိုင်း၌ ဂျာမနီတို့က သာလွန်သည် ဆိုသော်လည်း စပိန်တို့နှင့် ကြီးမားသော ကွာဟမှုမရှိချေ။ ထို့ကြောင့် အနိုင်ရလဒ်သိမ်းပိုက်နိုင်မှု အခွင့်အရေးမှာ ချိန်ခွင်လျှာညီမျှနေပါကြောင်း။ ။

(မြန်မာ့အလင်း)

## ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ



➤ အာကာဟိန်း - စုစည်းသည် ➤

### ဂျာမနီကွင်းလယ်ကစားသမား ခီဒီရာ ဒဏ်ရာရ

*ဂျာမနီအသင်းကွင်းလယ်ကစားသမား ခီဒီရာသည် ယာဘက်ပေါင်ကြောဒဏ်ရာရရှိနေသဖြင့် ဆေးကုသမှုခံယူနေရကြောင်း၊ အပေါ့စားလေ့ကျင့်မှုပြုလုပ်နေကြောင်း ဂျာမနီအသင်းတာဝန်ရှိသူများက ဇူလိုင် ၆ ရက်၌ ပြောကြားသည်။*

### ပါရာဂွေးနည်းပြ မာတီနို နုတ်ထွက်မည်

*ပါရာဂွေးအသင်းနည်းပြ မာတီနိုသည် ၂၀၁၀ ကမ္ဘာ့ဖလားပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စပိန်အသင်းကို ရှုံးခဲ့ပြီးနောက် ပြိုင်ပွဲမှထွက်ခဲ့ရသဖြင့် ပါရာဂွေးနည်းပြအဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ဇူလိုင် ၆ ရက်၌ ပြောကြားသည်။*

### ဥရုဂွေးနောက်ခံလူ ဒါဒိုမို ဂရိကလပ်နှင့်စာချုပ်

*၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ ဥရုဂွေးအသင်း ဘယ်နောက်ခံလူ ဒါဒိုမို၏ခြေစွမ်းကို သဘောကျသဖြင့် ဂရိပထမတန်းကလပ် အေအီးကေအေအသင်းက နှစ်နှစ်စာချုပ်ချုပ်ဆိုလိုက်ကြောင်း ဒါဒိုမိုက သတင်းထောက်များနှင့်တွေ့ဆုံစဉ် ဇူလိုင် ၆ ရက်၌ ပြောကြားသည်။*

### ဂါနာအသင်းအား သူရဲကောင်းများသဖွယ် ကြိုဆို

*၂၀၁၀ ကမ္ဘာ့ဖလားပွဲတွင် ဥရုဂွေးအသင်းအား ကွာတားဖိုင်နယ်တွင်ရှုံးပြီး ပြိုင်ပွဲမှထွက်ကာ အိမ်ပြန်ခဲ့ရသည့်ဂါနာအသင်းအား ဂါနာပရိသတ်ထောင်ပေါင်းများစွာတို့က ကိုတိုကာနိုင်ငံတကာလေဆိပ်တွင် သူရဲကောင်းများသဖွယ် ကြိုဆိုခဲ့ကြောင်း ဂါနာအားကစားအရာရှိများက ဇူလိုင် ၆ ရက်၌ သတင်းထုတ်ပြန်သည်။*

### အကြိုဗိုလ်လုပွဲအတွက် ပြင်ဆင်ထားဟု ဂျာမနီနည်းပြပြော

*ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲအဖြစ် စပိန်နှင့်ယှဉ်ပြိုင်ရန်အတွက် မိမိအသင်းသည် လိုအပ်ချက်များကို ပြင်ဆင်ပြီးဖြစ်ကြောင်း၊ အမှားအယွင်းအနည်းဆုံးဖြစ်ရန် ကစားစေမည်ဖြစ်ကြောင်း ဂျာမနီအသင်းနည်းပြဂျိုအာချင်လိုက သတင်းထောက်များအား ပြောကြားသည်။*

### ဂိုးသွင်းယူနိုင်ရေး ကြံ့ခိုင်မှုအပြည့်ရှိနေဟု ဗီလာပြောကြား

*အကြိုဗိုလ်လုပွဲ၌ ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ရာတွင် မိမိ၏ဂိုးသွင်းမှုစံချိန်ကို အမြင့်ဆုံးရောက်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ကြံ့ခိုင်မှုနှင့် ယုံကြည်မှုများ အပြည့်ရှိနေကြောင်း စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာက ဇူလိုင် ၆ ရက်၌ ပြောကြားသည်။*

### စပိန်နောက်ခံလူများ ပြဿနာတစ်စုံတစ်ရာမရှိ

*ဂျာမနီနှင့် အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ရန်အတွက် စပိန်နောက်ခံလူများ၌ ပြဿနာတစ်စုံတစ်ရာမရှိကြောင်း၊ ဒဏ်ရာရရှိမှုနှင့် ပွဲပယ်ခံထားရသူများမရှိကြောင်း စပိန်နည်းပြ ဘော့စကေးက ဇူလိုင် ၆ ရက်၌ ပြောကြားသည်။*

### ၂၀၁၀ ခုနှစ် ဖီဖာဆုများအတွက် ဆွေးနွေး

*၂၀၁၀ ခုနှစ် ဖီဖာအကောင်းဆုံးဘောလုံးသမားဆုချီးမြှင့်ပွဲ ကျင်းပရေးအတွက် ပြင်သစ်နိုင်ငံမှ အမူရီအုပ်စုဥက္ကဋ္ဌ အိုဒီလီအမူရီနှင့် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာတို့ ဂျိုဟန်နစ္စဘတ်မြို့၌ ဇူလိုင် ၆ ရက်က သဘောတူညီခဲ့ကြကြောင်း သတင်းထုတ်ပြန်သည်။*

*(အင်တာနက်)*



## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဒေါပုံ၌ ဟောပြော

ရန်ကုန် ဇူလိုင် ၆

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁ရက်က အထက(၁)ဒေါပုံ**(အပေါ်ပုံ)**နှင့် အလက(၃)ဒေါပုံကျောင်းတို့၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်မြင့်က မူးယစ်ဆေးဝါး ဆိုးကျိုးများနှင့် မူးယစ်ဆေးအန္တရာယ် တားဆီးကာကွယ်ရေးကိုလည်းကောင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း(ငြိမ်း)က ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ်မှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွေ့အကြုံများကိုလည်းကောင်း၊ ဒုတိယစီမံကိန်းဦးစီးမှူး ဦးတင်ငွေက ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုအန္တရာယ်မှ ကာကွယ်ရန်အကြောင်းတို့ကိုလည်းကောင်း ပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု မော်လိုက်၌ သစ်ပင်စိုက်ပျိုး

မော်လိုက် ဇူလိုင် ၆

မော်လိုက်ခရိုင်ညွှန်ကြားရေးမှူး ဦးစွန်ထွေး၏ စီစဉ်ဆောင်ရွက်မှု၊ မော်လိုက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်မှုတို့ဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၇ နာရီက မော်လိုက်မြို့ အထကကျောင်းဝင်းအတွင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူရိန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မော်လိုက်ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လင်း၊ ဦးအောင်ကိုကိုနှင့် သစ်တောဝန်ထမ်းများ စုစုပေါင်း အင်အား ၁၅၀ ဖြင့် ခရေ၊ ကံ့ကော်၊ ယူကလစ်၊ မဟော်ဂနီ၊ ပိတောက် ပျိုးပင်ပေါင်း ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

(ခရိုင် ပြန်/ဆက်)



### စက်ရေတွင်း တူးဖော်

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သည့် အမှတ်(၄)ရပ်ကွက် ရေပေးရေးလုပ်ငန်း လေးလက်မ စက်ရေတွင်း တူးဖော်ဆောင်ရွက်မှု အခြေအနေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာအမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။ (၁၀၁)

7-7 (11).pmd 1 7/7/2010, 1:50 AM

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပွဲစားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အမှတ် (၄၁၅)တွင် ပါတီရုံးချုပ်တည်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၆-၇-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)၏ အလံပုံစံ



ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာအမျိုးသမီးများနေ့ ကလော၌ကျင်းပ

ကလော ဇူလိုင် ၆

ကလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၁၀နာရီတွင် ကလောမြို့ အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထူးချွန်အမျိုးသမီးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

### ထောက်ပံ့ပေး

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသူလေးများက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖွင့်လှစ်ပြီး ကလောမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုများအားရှင်းလင်းခြင်း၊ ထူးချွန်အမျိုးသမီးများနှင့် ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်း ထူးချွန်ကျောင်းသူများအားဂုဏ်ပြုဆုချီးမြှင့်ခြင်း၊အမျိုးသမီးရေးရာအဆိုပြုလွှာများလက်ခံခြင်းနှင့် ဝတ်စုံများထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

(မြို့နယ်အမျိုးသမီးရေးရာအဖွဲ့)

## ဘေးအန္တရာယ်ကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မင်္ဂလာမြန်မာနှင့် Seeds Asia အဖွဲ့တို့ ပူးပေါင်း၍ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၉ရက် မွန်းလွဲ ၁၂နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးကိုယ်စား တိုင်းအတွင်းရေးမှူး ဦးခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မင်္ဂလာမြန်မာမှ ဒါရိုက်တာဒေါ်ယုဇာမော်ထွန်းက သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် Seeds Asia မှ Ms.Mitusko Shikada က သင်တန်းနှင့်ပတ်သက်သော လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားကြသည်။

### လှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရေးမှူး ဦးခင်မောင်ထွန်းက ဆရာ ဆရာမများကိုယ်စား ဆရာမတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီး အလှူရှင်များက ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းအတွက်လည်းကောင်း၊ အဝီစိစက်ရေတွင်းများ တူးဖော်ရန်အတွက်လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် နာဂစ်ဒေသပြန်လည်ထူထောင်ရေးအတွက်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများလှူဒါန်းကြရာ စင်ကာပူနိုင်ငံအစိုးရနှင့် ပြည်သူများက US$-၄၉၉၁၅၊ ဦးထက်ညီက ငွေကျပ်သိန်း ၁၃၀၊ City Mart Super Market က ငွေကျပ် ၁၀၆၆၃၉၅၀၊ မြန်မာမိသားစုက ငွေကျပ် ၁၈၂၅၀၀၀၀၊ ဂျပန်ထေရဝါဒဗုဒ္ဓဘာသာအသင်းကငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ အဝတ်အထည်များနှင့် သင်္ဘောခရီးသွားလာရေးလုပ်ငန်းက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာ ဆရာမများအတွက် သင်တန်းအထောက်အကူပြုပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီနိုင်က ပေးအပ်လှူဒါန်းသည်။

### ပို့ချခဲ့

မင်္ဂလာမြန်မာသည် Seeds Asia အဖွဲ့နှင့် ပူးပေါင်း၍ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းများကို ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ ကျောင်းများတွင် ပို့ချခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)



ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဗိုလ်ချုပ်လမ်း ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းကို အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



## မြောက်ဦး၌ စီမံကိန်းလျာထားချက်တာဝန်ပေးအပ်

ရန်ကုန် ဇူလိုင် ၆

ရခိုင်ပြည်နယ်စစ်တွေခရိုင် မြောက်ဦးမြို့နယ် ၂၀၁၀-၂၀၁၁ နှစ်စဉ်စီမံကိန်းလျာထားချက်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၂ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်း ဦးစီးအရာရှိ ဦးကျော်လှိုင်က စီမံကိန်းတာဝန်ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကြောင်းရင်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ပေးအပ်လွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးရွာအားလုံးကိုယ်စား ယိုင်သည်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဇော်မိုးထွန်းထံ ပေးအပ်သည်။ (အောက်ပုံ) (၁၁၃)



ဇွန် ၁၈ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပေါက်တင်မရပ်ကွက် အခြေခံပညာမူလတန်းကျောင်းဝင်း အတွင်းအပြင်၌ ရေဝပ်နိုင်သော နေရာများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဦးတင်အောင်လွင်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေး ဝန်ထမ်းများက ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ကြစဉ်။ (၁၂၃)

## ဝါးခယ်မ မြို့နယ်အသင်း(ရန်ကုန်) (၁၁)ကြိမ်မြောက် စုပေါင်းအလှူပွဲ

ရန်ကုန် ဇူလိုင် ၆

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် စုပေါင်းအလှူပွဲကို ဇူလိုင် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၁၂ စဉ့်အိုးတန်းလမ်း လသာမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ဝါးခယ်မမြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အလှူငွေနှင့် ဝတ္ထုတို့ကို ပါဝင်လှူဒါန်းလိုပါက အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အုံ့ကျော်(ငြိမ်း) ဖုန်း-၅၄၉၃၀၁၊ ၅၅၆၂၅၄၊ ၀၉-၅၁-၈၅၉၇၂၊ အတွင်းရေးမှူး ဗိုလ်ကြီးသန်းဌေး(ငြိမ်း) ဖုန်း-၃၉၃၁၀၅၊ ၀၉-၅၁-၃၇၁၉၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇၀၉၂ နှင့် အသင်းတိုက် ဖုန်း-၂၂၆၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

## မြန်မာ့အလင်း ကမ္ဘာ့အားကစားသတင်း အတိုအထွာ

### ဥရောပဘောင်တန်ဝိတ်သရဖူ မက်ခွန်နယ် ကာကွယ်နိုင်

*အသက် ၂၄ နှစ်အရွယ်ရှိ ဗြိတိသျှလက်ဝှေ့သမား ဂျာမီမက်ခွန်နယ်သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဥရောပဘောင်တန်ဝိတ် လက်ဝှေ့သရဖူကာကွယ်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲတွင် ပြိုင်ဘက်အီတလီလက်ဝှေ့သမား ရှိဒရီဂိုဘရက်ကို တတိယအချီ၌ အနိုင်ရရှိကာ ၎င်း၏ ဥရောပဘောင်တန်ဝိတ်သရဖူကို ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ဆုကြေးစားပွဲပေါင်း ၁၈ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် ၁၅ပွဲနိုင်၊ တစ်ပွဲသရေနှင့် နှစ်ပွဲရှုံးနိမ့်ခဲ့ကြောင်း သိရသည်။*

### မက်ကာရီနယ်လီနှင့် ဖရင်ကယ်လ် ယှဉ်ပြိုင်ထိုးသတ်မည်

*ဥရောပခရူဆာဝိတ်ချန်ပီယံ အန်ဇိုမက်ကာရီနယ်လီက ၎င်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရှုံးပွဲမရှိသော ပြိုင်ဘက်တစ်ဦးဖြစ်သည့် လက်ဝှေ့သမား အလက်ဇန္ဒြားဖရင်ကယ်လ်သည် ပုံကြီးချဲ့ကားဖော်ပြခံခဲ့ရမှု၏ သားကောင်ဖြစ်နေသည်ဟု ခံစားရကြောင်း ဖွင့်ဟခဲ့သည်။*

### ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်၌ ဝေါလ်တာဒစ်က် ပထမရရှိ

*ဥရောပဒိုင်းမွန်းလိဂ်ပြေးခုန်ပစ် မီတာ ၂၀၀ပြိုင်ပွဲတွင် အမေရိကန်ပြေးခုန်ပစ်သမား ဝေါလ်တာဒစ်က်သည် ၁၉ ဒသမ ၇၂စက္ကန့်ဖြင့် ပထမရရှိပြီး တိုင်ဆန်ဂေးကမူ ဒစ်က်ထက် ၀ ဒသမ ၀၄ စက္ကန့်နောက်ကျကာ ဒုတိယသာရရှိခဲ့သည်။*

### ပြေးခုန်ပစ်မယ် ဖရာဆာ ဓနသဟာယပြေးခုန်ပစ်၌ မဆင်နွှဲ

*အိုလံပစ်မီတာ ၁၀၀ပြေးခုန်ပစ်ချန်ပီယံ ရှယ်လီအန်းဖရာဆာသည် အိန္ဒိယနိုင်ငံ ဒေလီမြို့၌ လာမည့်အောက်တိုဘာလတွင် ကျင်းပမည့် ဓနသဟာယပြေးခုန်ပစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မှု မပြုရန်ဆုံးဖြတ်လိုက်သည်ဟု ဖွင့်ဟပြောကြားသည်။*

### ဒဏ်ရာမှ ကြံ့ခိုင်မှုပြည့်ဝစေရေး ဝက်စ်ဝုဒ် ရုန်းကန်နေရ

*ဂေါက်သီးအားကစားသမား လီဝက်စ်ဝုဒ်သည် ခြေသလုံးကြွက်သားဒဏ်ရာ ရရှိခဲ့ပြီးနောက် လာမည့်သီတင်းပတ်တွင် စိန့်အင်ဒရူးစ်၌ ကျင်းပမည့် စိန့်အင်ဒရူးစ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေး ကြံ့ခိုင်မှုပြည့်ဝရန် ရုန်းကန်နေရသည်ဟု ဆိုသည်။*

### ဝင်ဘယ်ဒန်တင်းနစ်ဆုဖလား နာဒယ်လ် ဆွတ်ခူး

*ကမ္ဘာ့အဆင့်(၁)ရှိ စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်သည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ပြိုင်ဘက် ကမ္ဘာ့အဆင့်(၁၂)ရှိ ချက်တင်းနစ်သမား တိုမက်စ်ဘာဒိုက်ချ်အား ၆-၃၊ ၇-၅၊ ၆-၄ဖြင့် အနိုင်ရရှိပြီး ပြီးခဲ့သည့်နှစ်က ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရသော ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားကို ဆွတ်ခူးပြီး ယခုဖလားသည် ၎င်း၏ရှစ်လုံးမြောက် ဂရင်းဆလမ်ဆုဖလားဖြစ်ကြောင်း သိရသည်။*

### ကမ္ဘာ့အဆင့်(၃)သို့ ဗက်ဒဲယာ ကျဆင်းသွားခဲ့

*ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယာသည် ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်၌ ချက်တင်းနစ်သမား တိုမက်စ်ဘာဒိုက်ချ်အား ရှုံးနိမ့်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၃)သို့ ကျဆင်းသွားခဲ့ကြောင်း၊ ခုနစ်နှစ်တာကာလအတွင်း ကမ္ဘာ့အဆင့် သတ်မှတ်မှုတွင် အနိမ့်ဆုံးသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။*

### ဘိုအာတန် ဆဲလ်တစ်အသင်းနှင့် လေ့ကျင့်မှုများ ပြုလုပ်

*ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က ဟူးလ်စီးတီးနှင့် စာချုပ်သက်တမ်းကုန်သွားသည့် အသက် ၃၄နှစ်ရှိ နယ်သာလန်ကွင်းလယ်ကစားသမား ဘိုအာတန်သည် ဆဲလ်တစ်အသင်းနှင့် လေ့ကျင့်မှုများပြုလုပ်နေသည်။*

### တိုက်စစ်မှူး ဂျီအိုပန်နီ ဟူးလ်စီးတီးမှ ထွက်ခွာ

*ဟူးလ်စီးတီးအသင်းမှ ဘရာဇီးတိုက်စစ်မှူး ဂျီအိုဗန်နီသည် ဟူးလ်စီးတီးနှင့် သဘောတူညီမှုတစ်ရပ်ရရှိခဲ့ပြီးနောက် အသင်းမှထွက်ခွာခဲ့သည်။*

### ဘရာဇီးနည်းပြအဖြစ်မှ ဒွန်ဂါ နုတ်ထွက်

*ဘရာဇီးနည်းပြ ဒွန်ဂါသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှ ဘရာဇီးလက်ရွေးစင်အသင်း ထွက်ခွာခဲ့ရပြီးနောက် ဘရာဇီးနည်းပြအဖြစ်မှ နုတ်ထွက်လိုက်ပြီဖြစ်သည်။*

### စပိန်၌ မက်ဆီကဲ့သို့ ကစားသမားများရှိဟု ဂျီအာချင်လိုဖွင့်ဟ

*ဂျာမနီနည်းပြ ဂျီအာချင်လိုက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဂျာမနီ လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် စပိန်လက်ရွေးစင်ဘောလုံးအသင်းတွင် အာဂျင်တီးနားလက်ရွေးစင်အသင်းမှ မက်ဆီကဲ့သို့ အဆင့်ရှိသော ဘောလုံးသမား အများအပြားရှိနေကြောင်း ဖွင့်ဟပြောကြားသည်။*

### ဟာဘီယာနိုအား မန်ယူစာချုပ်ရန် ပေါင်သန်း ၃၀ သုံးစွဲရန်လို

*စပိန်လာလီဂါအသင်းမှ ဘရာဇီးတိုက်စစ်မှူး လူးဝစ်ဖာဘီယာနိုအား စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် မန်ယူအသင်းအနေဖြင့် ပေါင်သန်း ၃၀ သုံးစွဲရန်လိုအပ်မည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။*

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

နေပြည်တော်နေ ဒုတိယဗိုလ်မှူးကြီးမန်းရွှေ(ငြိမ်း)၊ အထွေထွေမန်နေဂျာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန-ဒေါ်ဝါဝါအောင်တို့၏သားကြီး

**ဗိုလ်ကြီးခန့်ငြိမ်း B.E(Chemical) (D.S.T.A)**

**M.E(Chemical)**

နှင့်

ရန်ကုန်မြို့နေ ဦးဟန်တင်(မင်္ဂလာဈေး)-ဒေါ်ဝင်းဝင်းမြတို့၏သမီးကြီး

**ဒေါက်တာသူဇာဝင်းဟန်**

**M.B.,B.S(Ygn), 3rd Year, M.Med.Sc(Paediatric)**

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ကလေးဆေးရုံကြီး**

တို့၏ ၄-၇-၂၀၁၀ရက်တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)နှင့် ဇနီး ဒေါ်စန်းစန်းရီ၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တေးသံရှင်စိမ်းမို့မို့၊ သတို့သားအရံ ဗိုလ်ကြီးရဲထွန်းနှင့် ဗိုလ်ကြီးနေဇော်ညီညီ၊ သတို့သမီးအရံ ဒေါက်တာချောစုလှိုင်နှင့် ဒေါက်တာငြိမ်းအေးဝင်း၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ်အေးငြိမ်းခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော ညီမငယ်ဇာခြည်ဝင်းဟန်၊ ဝတ်စုံနှင့်မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးပါသော စန္ဒရား ဒေါက်တာသိန်းမြင့်သန်း၊ ဓာတ်ပုံနှင့်ဗီဒီယို မလိမ္မာ(မြန်မာစာ)နှင့်အဖွဲ့၊ ပန်းအလှဆင် နီနီ(ပွိုင့်) ဗိုလ်ချုပ်ဈေး၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော Love Invitation၊ စစ်တက္ကသိုလ်အပတ်စဉ် (၁၅)မှ အရာရှိကြီးများ၊ ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ သူငယ်ချင်းများ၊ Sedona Hotel မှ မမဋ္ဌူ၊ မလီလီနှင့် ဝန်ထမ်းများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဆရာသမားများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးခန့်ငြိမ်း-ဒေါက်တာသူဇာဝင်းဟန်။**

# မင်္ဂလာဦးဆုမွန်

ချစ်ကိုကြီး **ဗိုလ်ကြီးခန့်ငြိမ်း** နှင့် ချစ်မမကြီး **ဒေါက်တာသူဇာဝင်းဟန်**တို့၏ ၄-၇-၂၀၁၀ရက် မင်္ဂလာ ချစ်ခရီးမှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင်အောင် သက်ဆုံးတိုင် ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ--

**ချစ်ညီလေး** - **ကိုဖြိုးဝေမန်းရွှေ**
**B.C.Sc (ဖူးပွင့်သစ် စာရေးကိရိယာ)**

**ချစ်ညီမ** - **ဒေါက်တာခင်ဆုပြည့်**

**ချစ်ညီမငယ်** - **မအေးငြိမ်းခိုင်**
**1st MB (UM I)**

**ချစ်ညီမ** - **ကိုမင်းမင်းအောင်-**
**ဒေါက်တာသဇင်ဝင်းဟန်**
**(ကြည့်မြင်တိုင်ဒေသန္တရ)**

- **ဇာခြည်ဝင်းဟန်**
**B.Com,C.P.A,A.C.C.A Part II, DA (UK)**

# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ ဆေးရုံဟောင်းလမ်း၊ အမှတ် (၁၄၅/ခ)နေ (ဦးရဲဝင်း)-ဒေါ်စန်းစန်းတို့၏ တစ်ဦးတည်းသောသား

**ဗိုလ်မှူးမျိုးသူဝင်း**

**B.E(Civil), (D.S.T.A), M.E(Civil), Y.T.U**

နှင့်

မန္တလေးမြို့၊ (၂၄×၂၅)လမ်းကြား၊ (၈၈×၈၉)လမ်းကြား၊ အမှတ် ၄၆နေ ဦးစိုးဝင်း-ဒေါ်ခင်အေးမြင့်(ထင်ပေါ်ပလတ်စတစ်)တို့၏ တစ်ဦးတည်းသောသမီး

**မဇင်ဝတီနွယ်(ခ)မစုစုဝင်း LL.B**

တို့၏ ၂၄-၆-၂၀၁၀ရက် နံနက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဒေါ်အေးသန်းတင့်အားလည်းကောင်း၊ ၂၄-၆-၂၀၁၀ရက် မွန်းလွဲပိုင်းတွင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(မန္တလေး)၌ ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၇-၆-၂၀၁၀ ရက်တွင် Sedona Hotel(Amarapura Ballroom) မန္တလေးမြို့၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော Popular Plastic Industry Group မှ ဥက္ကဋ္ဌ ဦးကျင်ဦးနှင့် ဇနီး ဒေါ်ချောစုလွင်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြပါသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ခဲ့ကြသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဒေါ်နှင်းနှင်းဖြူ၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှပြင်ဆင်ပေးသော မိုးကုတ်ပေါက်ပေါက်နှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော မြို့မ တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော မောင်မောင်လှတင့် (မန်းတက္ကသိုလ်)နှင့် အဖွဲ့အားလည်းကောင်း၊ Sedona Hotel မှ ဝန်ထမ်းများနှင့် အဘက်ဘက်မှ စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကူညီကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးမျိုးသူဝင်း-မဇင်ဝတီနွယ်။**

## အမည်ပြောင်း

ဦးစောလားကပေါ်၏ သား မိုင်းရှူးမြို့ အထကခွဲ၊ နဝမတန်းမှ မောင်ကျာခတ်အား မောင်ယာကုပ် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ယာကုပ်။**

## အမည်ပြောင်း

ဦးဇေယျာဝင်း၏သား မြဝတီမြို့၊ အထက၊ သတ္တမတန်း(က)မှ မောင်ထူးလွင်သော်အား မောင်ဟိဏ်းထွဋ်ဦးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိဏ်းထွဋ်ဦး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၇၇၅၊ မြေကွက်တည်နေရာ အမှတ် ၇၇၅၊ အောင်သစ္စာ ၆ လမ်း၊ ၄/တောင်၊ သာကေတ ဒေါ်ကြည်မြင့်အမည်ပေါက် နှစ်(၆၀) ဂရန်မြေကို အမည်ပေါက် ဒေါ်ကြည်မြင့်၁၂/သကတ(နိုင်)၀၃၀၅၇၆ နှင့် ခင်ပွန်း ဦးအေးငွေ၊ သားဦးမင်းသူတို့ ကွယ်လွန်သဖြင့် (၁) ဦးညွှန့်တင် ၁၂/သကတ(နိုင်)၀၇၅၅၃၉၊ (၂) ဦးမြင့်သိန်းထွန်းK/RGN-၀၀၂၀၅၂၊ (၃)ဒေါ်ဖြူဖြူဝင်း၁၂/မရက(နိုင်)၀၃၀၅၇၃၊(၄)ဒေါ်အေးအေးဇော် ၁၂/သကတ(နိုင်)၀၇၄၈၉၃နှင့် (၅) ဒေါ်ကြူကြူ ၁၂/မဂဒ(နိုင်)၀၁၆၁၇၇ တို့က သား၊သမီး၊ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**






## စားသောက်ကုန်ပြပွဲတက်ရောက်ရန် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် Thaifex -World of Foods Asia Fair သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် Ministry of Commerce and Department of Export Promotion (DEP), Thailand တို့ ပူးပေါင်းဖွင့်လှစ်သည့် Design and Packaging သင်တန်းတွင် ထူးချွန်ဆုပထမရရှိခဲ့သည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် မိဖြိုးသီရိဝင်းသည် ဇွန် ၂၉ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဒေါ်စန္ဒာထွန်း၊ ဒေါ်မွန်မွန်မြင့်၊ ဒေါ်ဒါလီဆွေနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

**သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များအတွင်း လမ်းဘေးဝဲယာ ရေမြောင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ရက်က မြို့မတောင်ရပ်ကွက်နှင့် ထန်းပင်ကုန်းရပ်ကွက်များကို ဖြတ်သန်းစီးဆင်းသည့် သီတာရေမြောင်း အမှတ်(၂)တွင် အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ရေမြောင်းအတွင်း အမှိုက်နှင့် နုန်းမြေများ တူးဖော်ဆောင်ရွက်လျက်ရှိရာသို့ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## အထူးကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးရန်ကွေဖြင့်(ခ)ဦးလောဂူး ၁/မညန(နိုင်)၀၇၂၇၇၀၏ မှတ်ပုံတင်မူရင်းသည်၅-၇-၂၀၁၀ရက်တွင်ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၁-၃၇၆၇၉၈၊**
**ပေးပို့ရန်လိပ်စာ-အမှတ်၃၀၊**
**ရွှေတိဂုံဘုရားလမ်းနှင့်**
**ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂(F)၊ မြေကွက်အမှတ် ၄၆နှင့် ၉၆၊ မြေကွက်တည်နေရာ အမှတ် ၇၉၊ ၈၅၊ ဒေါ်သိန်းတင်လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးဇခုန့်တိန့်ယိန်း အမည်ပေါက် နှစ်(၉၀)ဂရန်မြေကို အမည်ပေါက်ထံမှအရောင်းအဝယ်စာချုပ်ဖြင့် ၃၃၉၆/၂၀၀၁ ၁၃-၁၁-၂၀၀၁ ဝယ်ယူ ပိုင်ဆိုင်ခဲ့သူ ဦးကျော်မင်းက အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဇီးကုန်း၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ဇီးကုန်း ဇူလိုင် ၆

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ပဲခူးတိုင်းကော်မရှင်အဖွဲ့ခွဲ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာသင်တန်းကို ဇွန် ၁၅ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မိုးဦးက သင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)



## လေဘာတီဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် ဇူလိုင် ၆

**သာစည်မြို့ လေဘာတီဂေါက်ကွင်းတွင် ဦးစိုးမင်း (လက်မှတ်သိမ်းချုပ်၊ မြန်မာ့မီးရထား)သည် ဇွန် ၆ရက်က ၁၃၇ကိုက် ကွာဝေးသော ကျင်းအမှတ်(၅)တွင် Pro Staff (2) ဘောလုံးကို Callaway Iron $S_2H_2$ No (9) ဖြင့် ရိုက်ရာ တစ်ချက်တည်းကျင်းဝင်ခဲ့သည်။ ယင်းအချိန်၌ ကစားဖော်များအဖြစ် ဦးသိန်းဟံ(မြို့နယ်ရဲတပ်ဖွဲ့မှူး)၊ ဦးသက်နိုင်(လင်းရောင်ဦး ဆီစက်၊ ဆန်စက်)၊ ဦးငွေရီရီစိုးနှင့် ဦးငွေစိုး (ဆည်မြောင်း)တို့ ပါဝင်ကစားခဲ့ကြသည်။**

(မြန်မာ့အလင်း)

**ကျေးဇူးဆပ်ပါမည်** ကျွန်တော် မောင်ထွန်းထွန်းဦး(ခ) မိုဟာမက်အက္ကဘရ် ၁၂/ပဘတ(နိုင်)၀၁၀၉၅၈၏ နိုင်ငံကူးလက်မှတ် A-၃၉၈၀၀၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁-၉၅၉၄၉။**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်နိုင်မျိုးဝင်း ၁၂/သကတ(နိုင်)၁၄၇၈၇၁နှင့် ကျွန်မ မအေးမြနန္ဒာ ၁၂/ဗတထ(နိုင်) ၀၃၂၇၇၄ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် နှစ်ဦးသဘောတူ တရားဝင် ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာအပ်ပါသည်။

**မောင်နိုင်မျိုးဝင်း**
**မအေးမြနန္ဒာ။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီး မသန္တာဦး ၁၂/လသန(နိုင်)၀၂၀၁၈၇သည် မိဘ မောင်နှမ ဆိုဆုံးမသည့်ကြားမှ မိဘမောင်နှမများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူခဲ့ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သော အခြားကိစ္စအဝဝများအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင် ဦးထွန်းထွန်း။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့နယ်၊ သရက်ကုန်းကျေးရွာနေ ဦးမျိုးလွင်-နော်ကလယ်ဝါး တို့၏သမီး နော်နိုင်ဇွန်မျိုး ၇/ပခန(နိုင်)၁၈၄၆၅၅သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်း ပြုမူနေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်မယူပါကြောင်းနှင့် စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးမျိုးလွင်-နော်ကလယ်ဝါး။**

**ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

# သက်မွေးပညာလေ့ကျင့်သင်ကြား တိုင်းရင်းသားလူငယ်များ (သို့မဟုတ်)

## စာပေသိပ္ပံနှင့် သက်မွေးပညာများကိုပါ သင်ကြားလေ့ကျင့်ပေးနေသော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ

➤ သတင်းဆောင်းပါးနှင့် ဓာတ်ပုံ – တင်အောင်အေး (ပညာ/လေ့ကျင့်) ➤ စာမျက်နှာဖွဲ့စည်းမှု – ခင်သန္တာသိန်း (မြန်မာ့အလင်း)

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများပါ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်မှန်း၍ စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြုစုပျိုးထောင် လေ့ကျင့်ပေးနိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ကျောင်းကို ပူတာအို၊ မြစ်ကြီးနား ၁-၂၊ ဗန်းမော်၊ လားရှိုး၊ ကွမ်းလုံ၊ တန့်ယန်း၊ ကျိုင်းတုံ၊ လွယ်မွေ၊ ပင်လုံ၊ လွိုင်ကော်၊ ဘားအံ၊ ကျားကျောင်း၊ စစ်တွေ၊ ပခုက္ကူ၊ မင်းတပ် ၁-၂၊ မတူပီ၊ ကန်ပက်လက်၊ ကလေး၊ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ခန္တီး၊ လေရှီးနှင့် လဟယ်မြို့တို့တွင် ဖွင့်လှစ်၍ တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်များကို အသိပညာ၊ အတတ်ပညာများ သင်ကြားပေးလျက်ရှိပါသည်။ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၏ ရည်ရွယ်ချက်များမှာ-

(က) တိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသည့်လူငယ်များ ဖြစ်လာစေရန်၊

(ခ) ပြည်ထောင်စု တိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန် အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များ ဖြစ်လာစေရန်၊

(ဂ) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည် ထိန်းသိမ်းသွားစေရန်၊

(ဃ) နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသား လူမျိုးများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်၊

(င) အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်လိုသည့် စိတ်ဓာတ်များ မွေးမြူပေးရန်၊

(စ) ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်စေရန်

တို့ ဖြစ်ပါသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ကျောင်း၌ မူလတန်း ၁၅၇၇ဦး၊ အလယ်တန်း ၁၇၆၅ဦး၊ အထက်တန်း ၇၇၆ဦး စုစုပေါင်းကျောင်းသားကျောင်းသူ ၂၆၉၈ဦး ပညာသင်ကြားပေးနိုင်ခဲ့သည်။

အတန်းတင်စာမေးပွဲများ ဖြေဆိုပြီးသည့် နွေရာသီ ကျောင်းပိတ်ရက်ရှည်ကာလသည်ကား နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ကျောင်းမှ ကျောင်းသားကျောင်းသူများအဖို့ ဘဝရပ်တည်မှုအတွက် အထောက်အကူဖြစ်စေမည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ယူရန်အချိန်ကာလပင် ဖြစ်သည်။

### သင်ကြားလေ့ကျင့်

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကြပ်မတ်ကွပ်ကဲမှု၊ သက်ဆိုင်ရာ လူငယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမများ၊ နည်းပြများနှင့် ဝန်ထမ်းများ၏ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် လက်သမား အတတ်ပညာသင်တန်း၊ ပန်းရန် အတတ်ပညာသင်တန်း၊ ဆံသ အတတ်ပညာသင်တန်းများကို ကျောင်းသားလူငယ်များအတွက် ဖွင့်လှစ်သင်ကြားပေးပြီး ကျောင်းသူများအတွက်လည်း အခြေခံစက်ချုပ်ပညာရပ်နှင့် ဇာထိုး၊ ပန်းထိုးပညာရပ်များကို စေတနာထား လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

### သင်ကြားပေး

ထိုသို့ သက်မွေးပညာရပ်များသင်ကြားလေ့ကျင့်ပေးရာတွင် ကျောင်းသားများ၏ ဝါသနာနှင့် အသက်အရွယ်တို့အပေါ် အခြေခံ၍ ပညာရပ်ခွဲခြား သင်ကြားပေးလျက်ရှိသည်။ ကျောင်းသူ အမျိုးသမီးငယ်များရှိသော ပူတာအို၊ မြစ်ကြီးနား-၁၊ ကွမ်းလုံ၊ တန့်ယန်း၊ ကျိုင်းတုံ၊ လွိုင်ကော်၊ မင်းတပ်-၁-၂၊ တီးတိန်၊ လေရှီးမြို့များရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၁၀ကျောင်းမှ ကျောင်းသူကလေးများအား အမျိုးသမီးများ တတ်မြောက်သင့်၊ တတ်မြောက်ထိုက်သော အခြေခံစက်ချုပ်ပညာနှင့် ဇာထိုး၊ ပန်းထိုး ပညာရပ်များကို သင်ကြားပေးလျက်ရှိပေသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူနေမှုဘဝမြင့်မားရေး ဆောင်ရွက်ပေးရာတွင် ကျောင်းပညာရေးသာမက ကျောင်းပြင်ပ အသက်မွေးဝမ်းကျောင်း ပညာရပ်များကိုပါ လေ့ကျင့်သင်ကြားပေးရန်ဟူသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများအနေဖြင့် ကျောင်းသား ကျောင်းသူလေးများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အသိအမြင်များ ဖွံ့ဖြိုးတိုးတက်စေရေးကို ပြုစုပျိုးထောင် လေ့ကျင့်ပေးလျက်ရှိသည်။

### အသက်မွေးဝမ်းကျောင်းပညာ

ယခုကဲ့သို့ နွေရာသီအားလပ်ရက်များတွင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာသင်တန်းအသီးသီးကို ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် ကျောင်းသား လူငယ်များသည် မိမိတို့သင်ကြားခဲ့ရသည့် လက်သမားအတတ်ပညာ၊ ပန်းရန် အတတ်ပညာများ အသုံးပြု၍ ဒေသတွင်း ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသ၏ တည်ဆောက်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်သည့် လူငယ်များ ဖြစ်လာပေမည်။ ထို့အပြင် အမျိုးသမီးငယ်ကျောင်းသူကလေးများ အနေဖြင့်လည်း ကျောင်းပညာရေးကို ဆုံးခန်းတိုင်သင်ယူပြီးမြောက်ပါက မိမိတို့သင်ယူခဲ့ရသည့် စက်ချုပ်ပညာ၊ ဇာထိုး၊ ပန်းထိုးပညာရပ်များကို အသုံးပြုကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်မည် ဖြစ်ပေသည်။

### အကျိုးကျေးဇူး

ထိုသို့သော မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည့် လူငယ်လေးများ ဖြစ်လာစေရန်အတွက် နွေရာသီ အားလပ်ရက် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို နှစ်စဉ် မပျက်မကွက် သင်ကြားပေးခြင်းဖြင့် အတတ်ပညာရပ်ဆိုင်ရာ ရင်းနှီးကျွမ်းဝင်မှုရှိစေခြင်း၊ လုပ်ငန်းသဘောတရားများ ပိုမိုနားလည်လာစေခြင်းစသော အကျိုးကျေးဇူးများ ရရှိစေပါသည်။

### စီစဉ်ဆောင်ရွက်ပေး

နွေရာသီ အားလပ်ရက်တွင် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးသော လက်သမားဘာသာရပ်၊ ပန်းရန်ဘာသာရပ်နှင့် ဆံသပညာရပ်များအတွက် ပြင်ပမှ နည်းပြများ ငှားရမ်းပေးပြီး လက်သမားသုံး ကိရိယာများဖြစ်သော လွှ၊ တူ၊ ဆောက်အမျိုးမျိုး၊ ရွှေပေါ်၊ ပေကြိုး၊ ကျင်တွယ်များ၊ ပန်းရန်သုံး ကိရိယာများဖြစ်သော သန်လျက်၊ ဒယ်အိုး၊ ဂေါ်ပြား၊ ပေါက်တူး၊ အုတ်ခုတ်တူ စသည်များနှင့် ဆံသပညာရပ်သုံး စက်ကတ်ကြေး၊ လျှပ်စစ်ကတ်ကြေး၊ လက်ကတ်ကြေး (အတို၊ အရှည်)၊ ဘီး၊ ဓား စသည်များ၊ စက်ချုပ်ပညာရပ်အတွက် အပ်ချုပ်စက်စသော သင်ထောက်ကူပစ္စည်းများကို ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထိုသို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ လူငယ်များအား ကျောင်းစာပေ ပညာရပ်များကို သင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ နွေရာသီ အားလပ်ရပ်တွင် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်းဖြင့်လည်းကောင်း ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်စေခဲ့သည်။

### သယ်ပိုးထမ်းရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းလာစေရေးနှင့်လူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေးတို့အပေါ်တွင် များစွာတည်မှီလျက်ရှိပေသည်။ ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် သဘာဝစွမ်းအားများကို ခေတ်မီနည်းပညာတတ် လူ့စွမ်းအား အရင်းအမြစ်များ၏စွမ်းအားနှင့် ပေါင်းစပ်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်သာ ဖြစ်သည်။ နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသားလူငယ်များ အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်တည်းဟူသော အမျိုးသားရေး စိတ်ဓာတ်စွမ်းအားကို ထာဝစဉ်မြင့်မားအောင် ကြိုးပမ်းတည်ဆောက်ရင်း ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်လျက်ရှိပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

လူငယ်သင်တန်းကျောင်းရှိ ကျောင်းသားများ လက်သမားအတတ်ပညာကို လက်တွေ့ဆောင်ရွက်ကြစဉ်။



လူငယ်သင်တန်းကျောင်းရှိ ကျောင်းသားများ ဆံသအတတ်ပညာကို လက်တွေ့ ဆောင်ရွက်ကြစဉ်။



လူငယ်သင်တန်းကျောင်းရှိ တိုင်းရင်းသူလေးများ စက်ချုပ်ပညာရပ်ကို လက်တွေ့ သင်ကြားလေ့ကျင့်ကြစဉ်။



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲယာရှိ ရေမြောင်းများအတွင်း အမှိုက်များ၊ နုန်းများဆယ်ယူရှင်းလင်းခြင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)



# ဈေးမီးဘေးကြိုတင်ကာကွယ်ရေး

## ရွှေကူမြို့၌ မီးငြှိမ်းသတ်မှု သရုပ်ပြ

**ရွှေကူ ဇွန် ၂၄**

ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှေ့တွင် မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဇွန်၄ရက် နံနက်၈နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဆန်းဦး၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်တိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးမိဈေးဖ ဥက္ကဋ္ဌဦးကျော်ဝင်းနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

### သရုပ်ပြ

အခမ်းအနားတွင် တက်ရောက်လာကြသူများက မြို့မဈေးရှေ့တွင် မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)



7-7 (15).pmd 1 7/7/2010, 1:50 AM





# ညွှန်ကြားရေးမှူးချုပ်ဦးစိုးကိုကို လားရှိုး၌ သင်တန်းကျောင်းများစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုသည် ဇွန်၂၄ရက် နံနက်ပိုင်းက ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လားရှိုး)သို့ရောက်ရှိပြီး ပြည်နယ်ဒေသဖွံ့ဖြိုးရေးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။**

ဆက်လက်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး အခြေခံအိမ်တွင်းမှု သင်တန်းသူ၄၀နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း သင်တန်းသူ ၁၂ဦး စုစုပေါင်း ၅၂ဦး၏ စက်ချုပ်လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

## ကြည့်ရှုစစ်ဆေး

ထို့နောက် သင်တန်းသူများ၏လက်ရာများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူစားရိပ်သာ၊ မီးဖိုချောင်၊ သင်တန်းသူအိပ်ဆောင်နှင့် ကျောင်းအတွင်း ပန်းအလှပင်၊ ရာသီ သီးနှံပင်နှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန လားရှိုးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ၁၁၀ အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံနှင့်ငွေများ ထောက်ပံ့ပေးအပ်ကာ ကျောင်းသားအိပ်ဆောင်၊ စားရိပ်သာနှင့် ရာသီသီးနှံပင်၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများနေ့ တာချီလိတ်၌ကျင်းပ

**တာချီလိတ် ဇူလိုင် ၅**

၂၀၁၀ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းက အမှာစကားပြောကြားပြီး တာချီလိတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်က အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

**(အောက်ပုံ)**

## မှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် (ထက်/လယ်/မူ)စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များက ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

**(၀၁၆)**





# ကျေးလက်ကျောက်ချောလမ်း

ကယားပြည်နယ် လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆန်းဘွန်းရွာနှင့် လွိုင်ကော်မြို့ဆက်သွယ်သည့် ကျေးလက်ကျောက်ချောလမ်း ပေ (၃၀၀၀×၁၀)ခင်းခြင်းဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်း ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်ထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မော်လမြိုင် ဇူလိုင် ၆**

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂ရက်က မော်လမြိုင်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ပွင့်ဦးမာလာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက အမှာစကားပြောကြားပြီး ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးနှင့် အဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာရေး၊ စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများလိုက်နာရမည့် စည်းကမ်းချက်များ၊ ဆိုင်ကယ်စီးသူများလိုက်နာရန် စည်းကမ်းချက်များနှင့် ယာဉ်ထိန်း လက်အချက်ပြနည်းစနစ်တို့ကို ရှင်းလင်း ဟောပြောကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဓာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

## ပြသထား

မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်တိုက်မှုများ ဖြစ်ပွားမှုမရှိစေရေး ပညာပေးမှတ်တမ်း ဓာတ်ပုံများကို ကျောင်းခန်းမ၌ ရက်သတ္တတစ်ပတ်ကြာ ပြသထားသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ချုပ် ပဲခူးအရှေ့ ဝန်ထမ်းများနှင့်တွေ့ဆုံ

**ပဲခူး ဇူလိုင် ၃**

ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် ဇွန် ၂၅ရက်က ပဲခူးတိုင်း(အရှေ့ခြမ်း)ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်း၌ ပဲခူးတိုင်း(အရှေ့ခြမ်း)မှ မြို့နယ်အခွန် ဦးစီးဌာနမှူးများနှင့် တွေ့ဆုံ၍ သတ်မှတ်လျာထားချက်များ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေး၊ ဥပဒေ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်ရေး၊ ဝန်ထမ်းများကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံပြုမူနိုင်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

**(အောက်ပုံ)**

## တက်ရောက်

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းအခွန်ဦးစီးဌာနမှူး ခရိုင်အခွန်ဦးစီးဌာနမှူးများနှင့် ပဲခူးတိုင်း(အရှေ့ခြမ်း) မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ၊ တွဲဖက်မြို့နယ်ဦးစီးမှူးများနှင့် ဒုတိယဦးစီးမှူးများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**



# မြို့နယ် သတင်း ထွေတလာ

# ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

**တောင်တွင်းကြီး ဇွန် ၃၀**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇွန်၂၅ရက်က တောင်တွင်းကြီးမြို့ တောင်ပြင်(၂)ရပ်ကွက်ရှိ အမက (မြို့မ) ကျောင်းပတ်ဝန်းကျင်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများ ပူးပေါင်း၍ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ညောင်ဦးခရိုင်၌ ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၂၄**

ညောင်ဦးခရိုင်တွင် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ဇွန်၁၉ရက် နံနက်က ညောင်ဦးမြို့နယ် အမှတ် (၁)ရပ်ကွက်နှင့် မဏိစည်သူဈေးတို့၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာ ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ ရေအိုး၊ ရေကန်၊ ရေခွက်၊ ပန်းအိုးများ ဖုံး၊သွန်၊လဲ၊ စစ်ပြုလုပ်ခြင်း၊ ခြင်ထောင်ကို Super Tab ဆေးပြားဆေးစိမ်နည်း သရုပ်ပြပညာပေးခြင်း၊ခြင်ဆေးဖျန်းခြင်း၊ရေလှောင်ကန်ကြီးများတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ရပ်ကွက်နှင့် ဈေးအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

## ကြည့်ရှုအားပေး

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရန်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသူရထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

# သဘာဝဘေး ကြိုတင်ကာကွယ်ရေး သင်တန်းဆင်းပွဲကျင်းပ

*မြစ်ကြီးနား ဇွန် ၃၀*

*ကချင်ပြည်နယ် သဘာဝဘေးကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄/၂၀၁၀) သင်တန်းဆင်းပွဲကို ဇွန်၂၆ရက် မွန်းလွဲ၂နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ (၀၀၃)*



# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ကျေးရွာပိုင် သစ်တောစိုက်ခင်း ပေါင်မြို့နယ်၌ တည်ထောင်ရေး တာဝန်ပေးအပ်

**ပေါင် ဇွန် ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာပိုင် သစ်တောစိုက်ခင်းတည်ထောင်ရေးနှင့် တစ်အိမ်ထောင်ကျွန်းသုံးပင်စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို ဇွန် ၂၅ရက် နံနက်က ပေါင်မြို့နယ် မုတ္တမကျေးရွာ သစ်တောစိုက်ခင်း၌ ကျင်းပသည်။

## စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ရွှေက တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာ(ယူကလစ်)ပင်များကို ကျေးရွာဥက္ကဋ္ဌနှင့် ရွာသူရွာသားများအားပေးအပ်ကာ**(အောက်ပုံ)** စုပေါင်းစိုက်ပျိုးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



7-7 (16).pmd 1 7/7/2010, 1:50 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# နွေစပါးအတွက် အားထားနေရသည့် ပဲခူးတိုင်း(အနောက်ပိုင်း)မှ ခဝါရေလှောင်တမံ

ပန်းတောင်း ဇူလိုင် ၆

ခဝါရေလှောင်တမံ....။ ပန်းတောင်းမြို့သို့ရောက်ခိုက် ခဝါရေလှောင်တမံသို့ လေ့လာရေးရောက်ခဲ့သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားသည့်နိုင်ငံဖြစ်၍ စိုက်ပျိုးရေရရှိရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးလျက်ရှိသည်။ ဆည်မြောင်းတာတမံများကြောင့် တောင်သူလယ်သမားများအနေဖြင့် မိုးစပါး၊ နွေစပါး၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ငွေချည် (၆)ချည်မျှင်ရှည်ဝါများကို စိုက်ပျိုးနိုင်ခဲ့သဖြင့် အောင်မြင်ဖြစ်ထွန်းမှုပုံရိပ်များမှာ နိုင်ငံတစ်ဝန်း လှပသော ပန်းချီကားတစ်ချပ်နှယ်....။

### တည်ဆောက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပဲခူးတိုင်း (အနောက်ပိုင်း)ရှိ တောင်သူလယ်သမားများ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်ရန်အတွက် ပေါင်းတည်မြို့နယ်တွင် ဝဲကြီးဆည်၊ ဇီးကုန်းမြို့နယ်တွင် ဘောင်ဘင်ဆည်၊ အုတ်ဖိုမြို့နယ်တွင် ဂမုန်းဆည်နှင့် မင်းလှဆည်၊ ပန်းတောင်းမြို့နယ်၌ ခဝါရေလှောင်တမံတို့ကို တည်ဆောက်ပေးထားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❍

- သတင်းဆောင်းပါး - ကိုတင်လှိုင် (မိတ္ထီလာ)
- ဓာတ်ပုံမှတ်တမ်း - ကိုသန့်စင် (မိတ္ထီလာ)
- စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

### ရေထုတ်ပြွန်

ဒေသခံများ စိုက်ပျိုးရေရရှိရေးအတွက် အားထားရသည့် ပဲခူးတိုင်း(အနောက်ပိုင်း)မှ ခဝါရေလှောင်တမံနှင့် ရေထုတ်ပြွန်ကို ဤသို့ တွေ့ရသည်။



## ထူးကဲဒီရေတက်ဖွယ်

*နေပြည်တော် ဇူလိုင် ၆*

*ဇူလိုင် ၁၂ရက်မှ ၁၇ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ပေခန့်မှ ၂၁ ဒသမ ၂ပေခန့်အထိ ထူးကဲဒီရေတက်မည်ဖြစ်ကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။ (သတင်းစဉ်)*

7-7 (20).pmd 1 7/7/2010, 1:50 AM